


# 90s born အက်ဆေးများ

# ဗဒင်နှဒ္ဒါ

ဆင်ဖြူကျွန်း

mgyoe.com SAMPLE BOOK
mgyoe.com


mgyoe.com

SAMPLE BOOK

၊ဆင်ဖြူကျွန်း၊

# 90s born
# အက်ဆေးများ

graphic design by artist aung kyaw @2025



9720171901050

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

သို့

..................................................

..................................................

..................................................

မှ

..................................................

ဖြန့်ချိရေး

ဆိပ်ကမ်းသာစာပေ

၃၈-လမ်း ပလာဇာ၊ ဆိုင်အမှတ် ၂၆-၂၇၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၉၆၃၆၉၉၈၃၄၊ ၀၉ ၇၈၆၈၃၇၇၃၀၅

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့် အကြိမ် | - | ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | ဦးသိန်းလွင်၊ စံညွှန်းစုစာအုပ်တိုက် (၀၃၃၂၆)<br>တိုက် (၂၇)၊ တတိယထပ်၊<br>ရန်ပြေ(၁၈)လမ်း အနောက်၊<br>သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)<br>ဦးအောင်ဇော်ထွန်း၊ အမှတ် (၈)၊ အိမ်ကြီးလမ်း၊<br>ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | ပန်းချီအောင်ကျော် |
| အတွင်းအပြင်အဆင် | - | ဝင်းဝင်းရွှေ(ပုံရိပ်ရှင်) |
| တန်ဖိုး | - | ၆၀၀၀ ကျပ် |

၈၀၈.၈၄
ဓဒင်နန္ဒာ(ဆင်ဖြူကျွန်း)
90s born အက်ဆေးများ၊ ဓဒင်နန္ဒာ(ဆင်ဖြူကျွန်း)၊
- ရန်ကုန်။
လင်းလွန်းခင်စာပေတိုက်၊ ၂၀၂၅။
စာ-၁၂၂၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) 90s born အက်ဆေးများ


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


✧ အမှတ်တရ နှုတ်ခွန်းဆက်အမှာ ၇
၁။ အိမ်လွမ်းနာ ၉
၂။ အဖေချက်တဲ့ဟင်း ၁၆
၃။ ငယ်ဘဝဆံသဆိုင် ၂၄
၄။ မြေစာပင် ၃၂
၅။ 90s born ၄၁
၆။ မြို့ကလေး၏သခ်ီရ ၅၄
၇။ Timeline ၆၄
၈။ ဝေလီဝေလင်း မနက်ခင်း ၇၁
၉။ သက္ကရာဇ်များ ၈၁
၁၀။ ကျွန်တော်နှင့် ပဋိစ္စသမုပ္ပါဒ် Spare Parts ၈၆
၁၁။ 7.7 ၉၅
၁၂။ မိုးရွာသောနေ့ ၁၀၅

✧ **Bonus** ဝတ္ထုတို
အိမ်စာ ၁၁၄


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အမှတ်၂ပ၁ရ နှုတ်ခွန်းဆက်အမှာ ■

Essay။ အက်ဆေးကို အမိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါတယ်။ စာပေ ပညာရှင်ပေါင်းများစွာနဲ့ ခေတ်အဆက်ဆက်ပါပဲ။ အက်ဆေးက ဝတ္ထုတစ်ပုဒ်လို ဇာတ်လမ်းဇာတ်ကွက်၊ အနိမ့်အမြင့်၊ အတက်အကျ မရှိဘူး။ ဆောင်းပါးတစ်ပုဒ်လို အချက်အလက်သက်သက်နဲ့ ဗဟုသုတ မပေးဘူး။ ကဗျာတစ်ပုဒ်လို ကာရံနဘေ ညီညာမနေဘူး။ လုံးချင်းတစ်အုပ်လို ရှည်လျားထွေပြား အခန်းဆက် မများဘူး။ တိုတိုနဲ့လိုရင်းကို အချက်ကျကျဖော်ပြသွားတဲ့ ရသစာတမ်းငယ် သေးသေးလေးတွေ သဘောမျိုးလို့ ယူဆလို့ရပါတယ်။

ကျယ်ပြန့်တယ်။ လွတ်လပ်တယ်။ ပေါ့ပေါ့ပါးပါးလေးပဲ ဖတ်ပြီးပြီးသွားနိုင်သလို လေးလေးပင်ပင်ကြီး ငိုင်ပြီးလည်း စိတ်ထဲမှာ ကျန်နေရစ်ခဲ့နိုင်တယ်။ ကျရာပုံစံခွက်အလိုက် ပြောင်းလဲနိုင်တဲ့ ရေလိုမျိုးပေါ့။ စိတ်ရဲ့အဆုံးမရှိသော လွင်ပြင်တွေပါ။ ကိုယ်မြင်နိုင်သလောက် အများကြီး ဖြန့်ကျက်ကြည့်ရှုပြီး တမျှော်တခေါ်ကြီး တွေးတောငေးမောနိုင်ပါတယ်။

ကျွန်တော်က အက်ဆေးလေးတွေကို ချစ်မြတ်နိုးတဲ့သူတစ်ယောက်ဖြစ်တာမို့ စိတ်လက်ကြည်သာရှိနေတဲ့ အချိန်မျိုးတွေ… (သို့မဟုတ်) ဝမ်းနည်းနာကျင်နေမိတတ်တဲ့ အခါမျိုးတွေမှာ အက်ဆေးအပိုင်းအစလေးတွေကို ချရေးဖြစ်ခဲ့တယ်။ ဒီအက်ဆေးလေးတွေကို ဖတ်မိတဲ့အခါ သူငယ်ချင်းနှစ်ယောက်ရေးဟောင်းနှောင်းဖြစ်တချို့ကို အေးအေးဆေးဆေး စကားထိုင်ပြောနေကြသလိုမျိုး…။ တစ်စုံတစ်ယောက်ကို တစ်စုံတစ်ရာအကြောင်း တီးတိုးရွတ်ဆို ရင်ဖွင့်နေသလိုမျိုး…။ ရုပ်ရှင်တစ်ကား ကြည့်နေရသလိုမျိုး…။ သီချင်းတစ်ပုဒ်

mgyoe.com

mgyoe.com

နားထောင်နေရသလိုမျိုး...။ ဒိုင်ယာရီတစ်အုပ် ဖွင့်ဖတ်နေရသလိုမျိုး...။ အရသာတစ်ခုမဟုတ် တစ်ခုတော့ စားသုံးမိမယ်လို့ မျှော်လင့်ပါတယ်...။

အက်ဆေးလေးတစ်ပုဒ်ဟာ ဒီနေ့ထမင်းစားလို့မကောင်းတဲ့အကြောင်းလေး သက်သက်ပဲ ဖြစ်နိုင်သလို သံသရာတစ်ခုလုံး တက်တက်စင်အောင် လွဲခဲ့ရတဲ့ အနတ္တစကြာဝဠာတွေအကြောင်းလည်း ဖြစ်ကောင်းဖြစ်နေနိုင်တာပဲ...။ ကျွန်တော်တို့ရဲ့ရင်ဘတ်တွေနဲ့ စီးမျောနိုင်စွမ်းအပေါ် မူတည်ပြီး အက်ဆေးထဲက သိမ်မွေ့ရိုးရှင်းတဲ့ အလှတရားတစ်ခုကို ဖျတ်ခနဲတွေ့မြင်လိုက်ရတယ်ဆိုရင် ကြည်နူးပျော်ရွှင်စရာ သိပ်ကောင်းပါတယ်...။ ရှာဖွေကြည့်ပါ...။ သုံးဆောင်ကြည့်ပါ...။

အက်ဆေးဆိုတာ ခင်ဗျားတို့နှလုံးသားရဲ့ ရှုမျှော်ခင်းတွေပါပဲ...။

ရိုသေလေးစား ချစ်ခြင်းအားဖြင့်...
ဒေင်နန္ဒာ (ဆင်ဖြူကျွန်း)
**February 14. 2025.**

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# အိမ်လွမ်းနာ

(၁)

တကယ်တော့ 'အလွမ်း' ဆိုသော စကားလုံးသည် ယေဘုယျအားဖြင့် စိတ်ဓာတ်မာကျောကြံ့ခိုင်လှသည့် ယောကျ်ားသားများနှင့် သိပ်မလိုက်ဖက်လှပါ။ အလွမ်းအဆွေး စကားလုံးများသည် များသောအားဖြင့် ၁၅၀၀ ချစ်ခြင်းမေတ္တာ အပေါ် အခြေခံ၍ အသုံးအစွဲများကြသည်။ အထူးသဖြင့် ငယ်ရွယ်စဉ် အသက် ကာလ အပိုင်းအခြားတစ်ခုတွင် ကျားမမရွေး အချစ်နှင့် ပတ်သက်ပြီး မကြာခဏ လွမ်းခဲ့ ဆွေးခဲ့ကြဖူးသည်။ ထိုအလွမ်းအဆွေးတို့သည် နှပျို့လတ်ဆတ်ခဲ့ကြသည်။

အလွမ်းမှာ အရောင်မရှိ။ အနံ့မရှိ။ အလွမ်းကို သာမန်မျက်စိဖြင့် မမြင်ရ။ တိုက်ခတ်နေသော လေထုလို ထိတွေ့ခံစားလို့မရ။ ကျရာပုံစံခွက်ထဲ က စီးမျောနိုင်သော ရေထုလို ကိုင်တွယ်လို့မရ။ မည်မျှလေးလံပါကြောင်း ချိန်တွယ်ပြမရ။ သို့ရာတွင် အလွမ်းမှာ အရသာရှိသည်။

(၂)

ရွက်ဆုတ်ပြက္ခဒိန်လေးများသည် အလွမ်းနှင့်အတူ အတိတ်မှာ ကျန် ရစ်ခဲ့ရှာသည်။ ရက်ရာဇာ၊ ပြဿဒါး၊ အရပ်ရှစ်မျက်နှာ နေ့စဉ်ပြောင်းလဲ လှည့်ပတ်နေသော နဂါးခေါင်းများသည်လည်း တစ်ရက်စီ လုံးချေခံရရင်း အလွမ်းနှင့်အတူ အလွယ်တကူ ပောင်းနွမ်းသွားကြသည်။

နာရီကို တကူးတက မကြည့်ဖြစ်သည်မှာ ကြာချေပြီ။ အလွမ်းတစ်ခု ပီပီသသ ဖြစ်မြောက်လာစေဖို့ တည်ဆောက်ရာတွင် အချိန်နာရီတွေက အခြေခံ

mgyoe.com

mgyoe.com SAMPLE BOOK

ကျသည် မဟုတ်လား။ အရောင်ဖျော့မှိန်လာသော ဂျင်းဂျက်ကတ်လေးနှင့် ပါးသိုင်းမွေး ခပ်ရေးရေးရှိနေသော သူ့မျက်နှာကိုသူ လက်တစ်ဝါးစာ မှန်ထဲမှာ တစ်ချက်ကြည့်ကြည့်သည်။ ပြက္ခဒိန်နှင့်နာရီတို့က သူ အိမ်နှင့်ဝေးခဲ့တာ သုံးနှစ်ကျော်ရှိသွားပြီဖြစ်ကြောင်း မှန်ထဲကတစ်ဆင့် ပြောပြ၏။

## (၃)

အလွမ်းမှာ အဆင့် (၃) ဆင့် ရှိသည်ဟု သူ့ဘာသာသူ အကြမ်းဖျဉ်း သတ်မှတ်ထားသည်။ ပထမအဆင့်သည် အနုစားအလွမ်း။ သတိရမိတယ် ဆိုရုံ သက်သက်။ ဒုတိယအဆင့်က အသင့်အတင့်အလွမ်း။ မကြာခဏ အောက်မေ့သတိ ရနေတတ်ခြင်း။ တတိယအဆင့်ကတော့ မိမိပတ်သက်တွေ့ကြုံမိသမျှ အရာရာ အပေါ်မှာ ပြင်းပြင်းပြပြ ဝေဒနာဖြင့် ခြုံငုံပြီး နက်နက်ရှိုင်းရှိုင်း လွမ်းဆွတ်တမ်းတ ရသော အလွမ်းဟူ၍ဖြစ်သည်။ နောက်ဆုံးအဆင့် အလွမ်းသည် ကျယ်ပြန့်သည်။ နုငယ်စဉ် အချစ်ဦးက စ၍ စားရှရာလေးတစ်ခုအဆုံး တိုက်ဆိုင်မှုရှိတိုင်း မမေ့မလျော့ မှတ်မှတ်ရရ ဦးနှောက်အကန့်ထဲမှာ ဖျောက်ဖျက်၍ မရတော့အောင် သံမှိုစွဲနှက်ထားပြီးဖြစ်သော အလွမ်းပင်ဖြစ်သည်။

အလွမ်းအများစုတို့သည် 'ချစ်ခြင်းမေတ္တာ' ကို အခြေခံထားသည်။ ထို့ကြောင့် အလွမ်းထဲမှာ '၁၅၀၀' ရော '၅၂၈' ရော ပါဝင်ပြီးဖြစ်သည်။ လူ ပုဂ္ဂိုလ်တွေ ပါမည်။ ခေတ်စနစ်တွေ ပါမည်။ အရာဝတ္ထုတွေ ပါမည်။ သွေးထွက် သံယို နာကျင်ရသော ဒဏ်ရာများမှအစ ဇွပ်ကျယ်အင်္ကျီလေး တစ်ထည်။ ဝတ္ထု စာအုပ်လေးတစ်အုပ်၊ ပန်းပင်လေးတစ်ပင်အဆုံး အကုန်လုံး အကျုံးဝင်သည်။

## (၄)

အိမ်နှင့်ဝေးဖူးပေါင်းများပြီ။ ခွဲခဲ့ဖူးပေါင်းလည်း မနည်းတော့…။

အချိန်ကာလအားဖြင့်လည်း လပေါင်းများစွာဖြစ်စေ၊ နှစ်ပေါက်အောင် ဖြစ်စေ ကြာမြင့်ခဲ့ဖူးပြီ။ အိမ်ကို လွမ်းခဲ့ဖူးတာသည်လည်း အကြိမ်ကြိမ် အခါခါ ပင်။ သို့ရာတွင် ဘယ်တုန်းကမှ အလွမ်း၏တတိယအဆင့်ကို မရောက်ဖူးခဲ့…။

စာပို့တဲ့ခေတ်တွင် စာတိုက်ကနေတစ်ဆင့် လက်ရေးများဖြင့် အိမ်ကို လွမ်းခဲ့ရသည်။ တယ်လီဖုန်းခေတ်တွင် လမ်းဘေး PCO ဖုန်းဆိုင်ကတစ်ဆင့် တစ်မိနစ် ဘယ်နှကျပ်နှုန်းဖြင့် အိမ်ကို လွမ်းခဲ့ရသည်။ အင်တာနက်ခေတ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

စမတ်ဖုန်း မှန်မျက်နှာပြင်ကတစ်ဆင့် Video Call ဖြင့် အိမ်ကို လွမ်းခဲ့ရသည်။ ဘယ်လောက်ပဲလွမ်းလွမ်း အလွမ်းတို့သည် အများအားဖြင့် ပြေခဲ့တာချည်းပင်။ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ အမျိုးတွေအကုန်လုံးကို အလွမ်းပြေနိုင်အောင် ဆက်သွယ်နိုင်ခဲ့သည်။ လွမ်းတိုင်း အိမ်ကို အလွယ်တကူ အပြေးပြန်ခဲ့သည်။

တစ်နည်းဆိုရသော် ဖွန်းတပ်မဟုတ်သေးသော ပုံမှန်ချိုစိမ့်အလွမ်း…။

## (၅)

အလွမ်းသည် မာယာများသည်။ အိမ်ရဲ့အဝေး ရောက်ရှိနေခိုက်တွင် အိမ်ကို ပြန်ချင်တဲ့စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာအောင် အတင်းလှုပ်ခတ်နှိုးဆော်သည်။ မနေနိုင်၍၊ မခံမရပ်နိုင်၍ အိမ်ကိုပြန်သွားမိပြီး ပြန်လည်ရောက်ရှိသွားချိန်တွင်တော့ အလွမ်းသည် သူမဟုတ်တော့သလိုပဲ။ အိမ်ကို လွမ်းနေခဲ့ရတာတွေဟာ အိမ်ကို တကယ်ပြန်ရောက်တော့လည်း တစ်ရက်နှစ်ရက်အတွင်း ချက်ချင်းပြေပျောက်သွားသည်။ ခု ဆိထမင်း၊ ခုစာကလေးကြော်။

အလွမ်းသည် မျက်လှည့်ဆန်သည်။ မျက်စိအောက်တွင် ပြောင်းလဲသွားသော လမ်းတွေ၊ တိုက်တာအဆောက်အဦတွေ၊ ကြီးပြင်းလာသော ကလေးငယ်တွေ၊ ပျောက်ဆုံးသွားသော ရင်းနှီးပြီးသား လူတွေနှင့် ဟောင်းနွမ်းသွားသော လူများ၊ ဝေးကွာသွားသော လူများ စသဖြင့် ပြကွက်ပေါင်းစုံကို အလွမ်းက ပြသည်။

အလွမ်းက မှော်ဆန်သည်။ သူငယ်ချင်းတွေနဲ့ ပြန်ဆုံရသောအခါ နုပျိုသွားစေသည်။ အဖေအမေတို့နဲ့ ထမင်းလက်ဆုံစားရသောအခါ ကလေးပြန်ဖြစ်သွားသည်။ ဆရာ ဆရာမများနဲ့ ဆုံပြန်သောအခါ စာမသင်ရတော့ဘဲ ကျောင်းသားပြန်ဖြစ်သွားပြန်သည်။

## (၆)

သစ်ပင်များသည် စကားမပြောတတ်။ သို့ရာတွင် ခင်ဗျားပြုစုပျိုးထောင်ပေးခဲ့လို့ ကျွန်တော်တို့ အပင်လားမြောက်နေပါပြီဟု သစ်ရွက်ကလေးများ လှုပ်ခတ်ရင်း သူ့ကိုပြောချင်နေရှာမည်လား…။ ရပ်ကွက်ဘောလုံးကစားကွင်းလေးက လွတ်လပ်ပျော်ရွှင်စွာ အော်ဟစ်ပြေးလွှားရင်း တစ်ဖက်နဲ့တစ်ဖက် ဂိုးရရှိအောင်

mgyoe.com

mgyoe.com SAMPLE BOOK

အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြဖို့ သူ ဘယ်တွေခရီးလွန်နေကြောင်း သတိတရ ရှိနေရှာမည်လား…။ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဟောင်းလေးက သူကြိုက်သော လက်ဖက်ရည်ချိုဆိမ့်အရသာ မပြောင်းလဲသေးကြောင်း သူ့ကိုစောင့်မျှော်ရင်း ဘယ်နေ့ဆိုင်ပိတ်ရတော့မလဲ တွေးပူပန်နေရှာမည်လား…။ ညနေတိုင်း လျှောက်နေကျ မြေနီလမ်းလေးက ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲသွားကြောင်း အချိန်မှန်နှင်းဖြတ်တတ်သော သူ့ခြေလှမ်းလေးများကို သိမြင်စေချင်ရှာမည်လား…။

အမှန်တော့ သူမရှိလည်း ဖြစ်နေသည့်အရာတွေ…။ သူမရှိလည်း နေပူ၊ မိုးရွာ၊ ချမ်းခိုက်တုန်နေရှာမည့် သည်ရပ်ဝန်းကလေး…။ မွေးရပ်မြေနှင့် သူ့နှလုံးခုန်သံတို့သည် အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီလျက်…။ ဒီချိတ်ဆက်မှုကို 'အလွမ်း' ဆိုသော ကြိုးတစ်ချောင်းက ခိုင်မြဲစွာ တုပ်နှောင်ထားသည်။

(၇)

သူသည် 'တောသား' စစ်စစ်တစ်ယောက် ဖြစ်သည်။ မိုးမျှော်တိုက်နှင့် ကားတွေ ထူထပ်သောအရပ်မှာ လူမဖြစ်ခဲ့။ သစ်ပင်တွေ ပေါများစွာ ပေါက်ရောက်ပြီး လယ်ခင်းယာခင်း၊ မြစ်ချောင်းအင်းအိုင်များ သိုင်းဖွဲ့ရာ မြေလတ်ဒေသတစ်ခုမှာပဲ မိုးလင်းမိုးချုပ်ခဲ့သည်။ အရွယ်ရောက်တော့ အစာအိမ်နှင့် အိပ်မက်တချို့အတွက် သူ အိမ်နဲ့ဝေးခဲ့ရသည်။

လူကျပ်ကျပ် ဘတ်စ်ကားပေါ်မှာ နိစ္စဒူဝ အချိန်နာရီတွေ ဖွဲ့ထုတ်ခဲ့ရ…။ ကာဗွန်ဒိုင်အောက်ဆိုဒ်များ လွင့်မျောနေသော ညကောင်းကင် ဖြူဆုတ်ဆုတ်ကို ငေးကြည့်ခဲ့ရ…။ တစ်မိုးအောက်အတူတူနေပြီး တစ်ခါမှမရင်းနှီးရသော သူစိမ်းတရံများနှင့် လေ့ကားတစ်စင်းတည်း အတူတက်ဆင်းခဲ့ရ…။

နီယွန်မီးရောင်လမ်းမများ။ ဘီယာခွက်ချင်း တိုက်မြှောက် ချီးယားစ်အော်ဟစ်သံ။ အမိုက်ကားခေါင်းလောင်းသံ။ လိုချင်တာ အကုန်ရနိုင်သည့် ဈေးဝယ်စင်တာ။ ကြေးစည်သံ၊ ခေါင်းလောင်းထိုးသံ၊ ဝတ်ရွတ်သံများ ဝေစည်နေသည့် ရွှေအတိပြီးသော ကြည်ညိုဖွယ်ဘုရားကြီး…။ ဒါတွေသည် သူ့ဘဝရဲ့ဒုတိယ 'အိမ်' ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

အလွမ်းက သူ့ကို ညှင်းပန်းနှိပ်စက်တတ်သော အချိန်တို့တွင်တော့ သူသည် သူ၏"ပထမ"အိမ်လေးဆီကို ပြန်သည်။ အခက်အခဲမရှိ။ အလွမ်းကို သူ ကုသနိုင်သည်။ အလွမ်းဝေဒနာကို သူ အံတုနိုင်သည်။ ကျော်လွှားနိုင် သည်။

mgyoe.com

mgyoe.com SAMPLE BOOK


(၈)

ဖုန်းလိုင်းများ သိပ်မကောင်းလှ။ ဘဝရဲ့အချိုးအကွေ့တစ်ခုတွင် သူ မမျှော်လင့်ဘဲ အလုပ်သစ်တစ်ခု ပြောင်းရသည်။ ကျွမ်းကျင်တတ်မြောက်ပြီးသား အရာများအားလုံး လွှတ်ချထားခဲ့ရပြီး အစိမ်းသက်သက်များကို ကြိုးစားသင်ယူရသည်။ တောတောင်ရေမြေ သဘာဝအလှတရားများကို ချစ်မြတ်နိုးတတ်သော သူ့အတွက် မျက်စိနောက် စိတ်မွန်းကြပ်ပိတ်လှောင်ရသော မြို့ပြကို နှုတ်ဆက်ခွဲခွာခဲ့ရခြင်းတစ်ခုကတော့ အဆိုးထဲက အကောင်းဟု တွေးလို့ရသည်။

အလုပ်က ယူနီဖောင်းတစ်စုံပဲ ပေးသည်။ လစာက အရင်အလုပ်၏ တစ်ဝက်ပင်မရ။ သို့ရာတွင် သူကျေနပ်သည်။ ရောင့်ရဲသည်။ အပြစ်မမြင်နိုင်ခဲ့။ ဒီအလုပ်ကြောင့် မိတ်ဆွေ၊ အပေါင်းအသင်း သူငယ်ချင်းတချို့ကို စွန့်လွှတ်ခဲ့ရသည်။ ဒီအလုပ်ကပဲ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းအသစ်တွေ ရသည်။ ဒီအလုပ်နှင့် ချစ်သူရဲ့မျက်ရည်စက်များနှင့် အလဲအထပ် လုပ်ခဲ့ရသည်။ ဒီအလုပ်အတွက် သူ့အိပ်မက်တချို့ကို စတေးခဲ့ရသည်။ ယောက်ျားပဲကွာ… ဒီလောက်တော့ အနာခံနိုင်ရမည်ဟု သူအားတင်းသည်။

မြို့ပြမှာ သပ်သပ်ရပ်ရပ်နှင့် စမတ်ကျကျ ဖြတ်သန်းခဲ့ဖူးသော နေ့ရက်များက သူကိုင်သော မှန်အက်နေသည့် ဖုန်းလေးထဲမှာ အမှတ်တရများအဖြစ်ပဲ မန်မိုရီ ကျန်ရစ်ခဲ့ရှာသည်။ အိမ်ကို လွမ်းလှသည့် အေးစက်မှောင်မိုက်သော ညနက်နက်တချို့တွင် ခြင်အကိုက်ခံရင်းနှင့် အတိတ်က ဓာတ်ပုံလေးများကို တစ်ယောက်တည်း ထုတ်ကြည့်နေမိသည်။ အလုပ်တူ မိတ်ဆွေသူငယ်ချင်း အသစ်များက သံယောဇဉ်ကြီးတတ်သော၊ မရင့်ကျက်နိုင်လှသော သူ့ကို အားပေးကြသည်။ တကယ်တော့ အားပေးနေကြသည့် သူတို့ကိုယ်တိုင်ပင်လျှင် အားတင်းရင်း အိမ်ကို ကိုယ်စီလွမ်းနေကြရသည်ဆိုတာ ပြောမပြဘဲ နှလုံးသားဖြင့် အချင်းချင်း သိကြပြန်သည်။

(၉)

အိပ်မက်မက်သည်။

အိပ်မက်ထဲတွင် ဆက်သွယ်ရေးတာဝါတိုင်တွေ ရာထောင်ချီရှိနေသော်လည်း သူ့ဖုန်းက အိမ်ကို ခေါ်လို့မရ…။ အဝေးပြေးလိုင်းကားတွေ အစင်းပေါင်းများစွာ ပြေးဆွဲနေသော်လည်း သူအိမ်ပြန်ဖို့ ကားလက်မှတ်ဖြတ်မရ…။

mgyoe.com

mgyoe.com SAMPLE BOOK

တီဗွီက လွှင့်နေသော သတင်းထဲတွင် အိမ်မှာ အမေတစ်ယောက်တည်းပဲ ကျန်နေရစ်ခဲ့တာ မြင်ရသည်။

အမေ ပန်းပင်လေးတွေ စိုက်နေတာ…။ အမေ စာအုပ်လေးတွေ ဖတ်နေတာ…။ အမေ တရားမှတ်နေတာ…။ အမေ ပုတီးစိပ်နေတာ…။ တစ်ခါတစ်ရံ ပြတင်းပေါက်သံတိုင်ကြားလေးထဲကတစ်ဆင့် သူနှင့်ညီအစ်ကို မောင်နှမများကို သတိတရ ငေးရီနေတတ်တာတွေကို ထုတ်လွှင့်ပြသည်။ သူသည် အမေ့ကို ဝမ်းသာအားရ လှမ်းခေါ်သည်။ အိပ်မက်ထဲမို့လား မသိ…။ သူ့ခေါ်သံကို အမေ မကြား…။ သူ့အော်သံသည် လည်ချောင်းထဲမှာ စူးနစ်နေပြီး အသံအဖြစ် အပြင် မထွက်လာ…။ သူ ဘာလုပ်ရမည်မသိ။

ထူထူပူပူ စဉ်းစားနေရင်း လက်ကိုင်ဖုန်းလေးကို ဖွင့်သည်။ "နေကောင်းရဲ့လား… အမေ"ဟု မက်ဆေ့ရိုက်ပို့သည်။ တီဗွီထဲက အမေ့ကို မျှော်လင့်တကြီး ငေးကြည့်သည်။ ပြီးတော့မှ သူသတိရသွားသည်။ အမေ့မှာ ဖုန်းမရှိ…။ အမေသည် လူကြီးပီသစွာ ဖုန်းမသုံးတတ်…။ သူပြောချင်တာ ရှိရင် သားသမီးတွေကပဲ အမေ့ကိုယ်စား အကုန်လုပ်ပေးတတ်တာပဲ။ အမေ့ကို လွမ်းနေကြောင်း အမေသိအောင် ဘယ်လိုပြောပြရပါမလဲ တွေးနေစဉ်မှာပင် အမေသည် သူ့ဘက်ကို တစ်ချက်စိုက်ကြည့်ပြီး ခပ်ယဲ့ယဲ့လေး ပြုံးပြရှာသည်။ သူ ဝမ်းသာအားတက်သွား၏။

အမေသည် 'သူ့အဆင်ပြေပါတယ်၊ သားပြောချင်တာကို သိပါတယ်' ဖြေနေသလိုလို…။ 'ကျွန်တော် အလုပ်တွေပြီးတဲ့အခါ အမေနေတဲ့အိမ်လေးဆီ အမေ့ကိုလွမ်းလို့ အမြန်ဆုံးပြန်လာခဲ့မယ်နော်…' ဟု သူ့စိတ်ထဲကနေ အမေ့ကို လှမ်းကတိပေးသည်။ ဒီအခိုက်အတန့်လေးမှာပဲ သူ့မျက်လုံးများ ဖျတ်ခနဲပွင့်သွားသည်။ တစ်ခြမ်းပဲ့ လမင်းကြီးကို တိမ်မည်းတစ်ဆုပ် ဖုံးအုပ်ထားတာ သူမြင်ရသည်။ မှိတ်တုတ်မှိတ်တုတ် ကြယ်ပွင့်လေးများသည် မည်းနက်မှောင်မိုက်သော ကောင်းကင်နောက်ခံမှာ ဟိုတစ်စ ဒီတစ်စ…။

## (၁၀)

အိမ်နဲ့ဝေးနေရသော နှစ်တွေမှာ အများအားဖြင့် အမေ့ကိုပဲ ပြင်းပြင်းပြပြ လွမ်းဆွတ်နေမိသည်။ အိမ်ထမင်း၊ အိမ်ဟင်း၊ အိမ်က ညီအစ်ကို မောင်နှမတွေ…။ သူထိုင်နေကျ ခုံတန်းအပြာလေး…။ သူမွေးထားတဲ့ ကြက်တူရွေး…။

mgyoe.com

mgyoe.com SAMPLE BOOK

သူစိုက်ထားတဲ့ ကံ့ကော်ပင်…။ သူဖတ်လက်စ စာအုပ်များ…။ သူဝတ်နေကျ ချည်အင်္ကျီ…။ သူသောက်နေကျ လက်ဖက်ရည်ဆိုင်…။ သူ စားနေကျ မုန့်ဟင်းခါး…။ ဆက်စပ်မိသမျှ အရာအားလုံး အမေ့အပြုံးနှင့် အလွမ်းက အဆုံးသတ်သည်။ ဘဝမှာ တစ်ခါမျှ မရှိဖူးသော အလွမ်း၏တတိယအဆင့်…။

မိုးစင်စင်လင်းပြီ။ အလုပ်ဝင်ဖို့အတွက် သူ အိပ်ရာထသည်။ မနက်ခင်း ဝေယျာဝစ္စများ လုပ်ပြီးတော့ လုပ်ငန်းခွင် ယူနီဖောင်းလဲသည်။ မြို့ပြမှာ ကြားလေ့ကြားထမရှိသော ကျေးငှက်တချို့၏ အော်မြည်သံကို နားထောင်ရင်း အလွမ်းစိတ်ကို သူအိပ်စက်အနားယူခဲ့သော ဖျင်စောင်ခင်း၊ ဝါးကြမ်းခင်း အိပ်ရာနွမ်းလေးပေါ်မှာ ဖြန့်ခင်းခဲ့လိုက်သည်။ ဘုရားရှင်ကို စိတ်ထဲက လေး လေးနက်နက် ဦးခိုက်ပြီးနောက် အိမ်ပြန်ဖို့ မျှော်လင့်ချက်တချို့ကို ကျောပိုးလွယ် ရင်း ဒီနေ့အတွက် သူလုပ်ငန်းခွင် ဝင်ပါပြီ…။

သူသည် ဒိုင်ယာရီမရေးတတ်။ ထို့ကြောင့် မည်ရွေ့မည်မျှ အိမ်ကို လွမ်းနာကျမိသည့်အကြောင်း စီကာပတ်ကုံး အမေ့ကို ရှင်းမပြနိုင်။ အိမ်ပြန် ရောက်လို့ အမေနဲ့တွေ့ရင် တစ်ခုပဲ သူပြောနိုင်သည်။

'အိမ်လွမ်းနာကျဖို့ အစပျိုးခဲ့တဲ့ နေ့စွဲကိုတော့ သားဦးနှောက်ထဲမှာ သံမှိုစွဲသလို မှတ်မိနေခဲ့ပါတယ် အမေ…'။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်…။ ။

၂၄၊ ဩဂုတ်၊ ၂၀၂၄။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# အဖေချက်တဲ့ဟင်း

(၁)

မြန်မာရုပ်သံလိုင်းတစ်ခုကနေ ရုပ်ရှင်မင်းသား 'ဒွေး' ရဲ့ နာမည်ကြီး ရုပ်ရှင်တစ်ခုဖြစ်သော 'အမေ့ခြေရာ' ဇာတ်ကားထုတ်လွှင့်နေတာကို တွေ့လိုက် ရတော့ ခဏရပ်ကြည့်မိရင်း မဆီမဆိုင် 'အဖေ့လက်ရာ'ကို သွားစဉ်းစားမိသည်။ အမေ့ခြေရာသည် မိဘမေတ္တာဖွဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ အဖေ့လက်ရာသည် ရုပ်ရှင်ဇာတ်ကားရယ်လို့ မရှိ။ အမေ့ခြေရာတောင် ဇာတ်ကားရှိသေးရင် အဖေ့ လက်ရာကိုလည်း ရုပ်ရှင်မရိုက်သင့်ပေဘူးလား...။ ထားတော့...။

အဖေ့လက်ရာဆိုသော ဝေါဟာရသည် ကျွန်တော့်ခေါင်းထဲ ဖြတ်ဝင် လာသော အတွေးတစ်စသာ...။ မည်သို့ပင်ဖြစ်စေ အဖေ့လက်ရာသည်လည်း သားသမီးတိုင်းအတွက် မိဘမေတ္တာဖွဲ့ဇာတ်လမ်းတစ်ပုဒ် ဖြစ်ကြမည်ဆိုတာ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက် ငြင်းနိုင်မည်မထင်ပါ...။

(၂)

မိဘမဲ့တချို့တလေမှလွဲ၍ လူတိုင်းလူတိုင်း အဖေချက်တဲ့ဟင်း တစ်ခု မဟုတ်တစ်ခု စားဖူးကြပါလိမ့်မည်။ ထမင်းဟင်းဟု ဆိုလိုက်သည်နှင့် လူ အများစု မျက်လုံးထဲမှာ အရင်ဦးဆုံး ပြေးမြင်လိုက်မိကြသည်က 'အမေ' ကို ဖြစ်သည်။ ဒါက သဘာဝကျပါသည်။ ထမင်းချက်ဟင်းချက်အလုပ်သည် ကမ္ဘာ့ မည်သည့်အရပ်ဒေသတွင်ဖြစ်စေ မိန်းမသားများကသာ လုပ်လေ့လုပ်ထရှိသော အလုပ်တစ်ခုဖြစ်သောကြောင့်ပင်။ ဒီအလုပ်ကို ယောကျ်ားသားတွေပဲ လုပ်ရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမသားများက လုပ်ရမည်ဟု သီးသန့်ခွဲခြားသတ်မှတ်ထားခြင်းမျိုး မရှိ။

သို့သော် အချက်အပြုတ်ကိစ္စရပ်များသည် မိန်းမသားထုနှင့်ပဲ မွေးကတည်းက ပန်ရခဲ့ကြသည်။ ယောကျ်ားသားအများစုသည်လည်း ဆန့်ကျင်စွာပင် ထမင်းဟင်းချက်ပြုတ်ရန် စိတ်ဝင်စားခဲလှသည်။ ထို့ကြောင့်လည်း မြန်မာဝေါဟာရအသုံးအနှုန်းတို့တွင် 'အိမ်ရှင်မနှင့်အိမ်ဦးနတ်' ရယ်လို့ ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်း သုံးခဲ့ကြတာလား မပြောတတ်ပါ။ ချွင်းချက်အနေဖြင့် 'အိမ်ရှင်ထီး' ဟုလည်း ကတ်တီးကတ်ဖဲ့ သုံးစွဲတတ်ကြပါသေးသည်။ ဘယ်အချိန်အခါမျိုးတွင် သုံးတတ်ကြသနည်း။ အိမ်ထောင်တစ်ခုတွင် အိမ်ဦးနတ်ဖြစ်သူသည် ဈေးဆွဲခြင်းကို ကိုင်ဆောင်၍ ဈေးသွားလာရသောအချိန်နှင့် မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံးဖြင့် ထုထောင်းလှီးခုတ် ချက်ပြုတ်ရသော အချိန်တို့တွင်တည်း…။

(၃)

ဟင်းအမျိုးမျိုး စားဖူးကြပါလိမ့်မည်။ စားဖိုမှူးလည်း အမျိုးမျိုး ကွဲပြားခဲ့ကြပါမည်။

အမေချက်တဲ့ ဟင်း၊ အစ်မချက်တဲ့ ဟင်း၊ အစ်ကိုချက်တဲ့ ဟင်း၊ သူငယ်ချင်းချက်တဲ့ ဟင်း၊ ချစ်သူချက်တဲ့ ဟင်း၊ ဘုန်းကြီးကျောင်းက ဟင်း၊ ထမင်းဆိုင်က ဟင်း၊ အလှူပွဲကဟင်း၊ မင်္ဂလာဆောင်က ဟင်း၊ အိမ်နီးနားချင်းပေးတဲ့ ဟင်း၊ ကိုယ်တိုင်ချက်သော ဟင်း… စသဖြင့် ဟင်းများစွာ၊ စာဖိုမှူးများစွာတို့ရဲ့ လက်ရာတို့ကို ဘဝတစ်လျှောက်လုံး အမျိုးမျိုး စားခဲ့ကြဖူးပြီ။ ဒီအထဲတွင် အဖေချက်တဲ့ အဖေ့လက်ရာဟင်းကတော့ အားလုံးထဲမှာ ထူးထူးကဲကဲ တခြားဟင်းပွဲများထက်ပိုပြီး ကောင်းမွန်နေတတ်တာကို သတိပြုမိကြလိမ့်မည်။

ကျွန်တော်နှင့် ရွယ်တူများကို သည်အကြောင်း စကားစပ်မိတော့ သူတို့တစ်တွေသည်လည်း ကျွန်တော့်လိုပင် အဖေချက်သောဟင်းသည် တခြားသူချက်သော ဟင်းများထက် ပိုပြီးစားကောင်းနေသည်ဟု တညီတညွတ်တည်း ထောက်ခံကြသည်။ အဖေက တစ်ခါတလေမှ မီးဖိုချောင်ကို ဝင်ပြီးချက်ပြုတ်တတ်တာမို့ သူ့ဟင်းက အသစ်အဆန်းသဘောမျိုးနဲ့ အရသာပိုကောင်းနေတာလား…။ အမေချက်သောဟင်းက နေ့တိုင်းစားနေရလို့ပဲ ထွေထွေထူးထူး ကောင်းလှပါသည်ဟု မတွေးမိတော့တာလား…။ ကျွန်တော်တို့လျှာကပဲ ကျွန်တော်တို့စိတ်ကို လှည့်စားလိုက်တာလား…။

mgyoe.com

mgyoe.com SAMPLE BOOK

လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိလိမ့်မည်ထင်သည်။

(၄)

ဟင်းချက်သောအလုပ် ခေါ် စားဖိုမှူးအလုပ်သည် အင်မတန်စိတ်ရှည်ရသော အလုပ်ဖြစ်သည်။ ဟင်းကောင်းတစ်ပွဲဖြစ်လာဖို့ စားလိုက်ရင် ဆွေမျိုးမေ့သွားနိုင်စေဖို့၊ မိမိချက်လိုက်သော ဟင်းကို ဘဲရီးဝွတ်ထ ကောင်းလေစွ…ဟု သူစိမ်းတစ်ယောက်က ချီးကျူးစေနိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှ…။ အရသာကောင်းမွန် လျှာရင်းမြက်စေနိုင်သော ဟင်းတစ်ခွက်ဖြစ်မြောက်ရန် တန်ဆာပလာအစုံကို စုပေါင်းစပ်ပေါင်း အပူပေး အချိန်ပေးပြီး အတွက်အချက်ရောယှက်ကာ ပညာသားပါပါ ဖန်တီးရသည်။ စားသုံးသူ အမှတ်ပြည့်ပေးသော ဟင်းတစ်ပွဲသည် လက်ရာမြောက်ပြီးပြည့်စုံသော အနုပညာတစ်ခုအဖြစ် တင်စားလို့ရသည်။

နည်းနည်းလောက်ထပ်ပြီး ချဲ့ကားဆိုရမည်ဆိုလျှင် ဟင်းကောင်းတစ်ပွဲဖြစ်မြောက်ရန်အတွက် ရေ၊ လေ၊ မြေ၊ မီး စသော ဓာတ်ကြီးလေးပါးကို ညီညွတ်မျှတအောင် ကိုင်တွယ်ထိန်းကျောင်းကြရသည် မဟုတ်လား။ သန့်ရှင်းအောင် ရေသုံးရမည်။ ကျက်အောင်၊ နူးအောင်၊ အိအောင် မီးဖြင့်အပူပေးရမည်။ မြေကြီးဖြင့် စိုက်ပျိုးအပ်သော အသီးအနှံများ လိုအပ်မည်။ လတ်ဆတ်သော လေထုကလည်း အသီးအနှံများ ကြီးထွားချိန် အခြေခံမှုစ၍ ဟင်းကျက်ရန် အနံ့ခံရသည်အဆုံး မရှိမဖြစ် လိုအပ်သည်။ အချိန်လေးတစ်ခဏပေးပြီး စားရမည့်ဟင်းတစ်ပွဲ၏ အရင်းအနှီးကား မသေးလှချေ။ ကျွန်တော်တို့ကို ချက်ပြုတ်ကျွေးမွေးသော အရသာရှိသည့် ဟင်းတစ်ခွက်၏ ဖန်တီးရှင်တိုင်းကို ကျေးဇူးတင်လေးစားအပ်ပေသည်။

(၅)

အဖေသည် စိတ်မရှည်တတ်။ ကိစ္စအများစုတို့တွင် ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် အချိန်မဆွဲဘဲ လုပ်သွားလေ့ရှိသည်။ ဒါကလည်း ယောကျ်ားလေးတွေရဲ့ ဗီဇနဲ့ပဲဆိုင်သည်လို့ ပြောနိုင်သည်။ မထူးဆန်းပါ။ ကျွန်တော်အပါအဝင် ယောကျ်ားလေးအတော်များများတို့သည် ကိုယ်စိတ်ဝင်စားသော အရာတစ်ခုခု အပေါ်တွင်သာ စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်ကြသည်။ ကြက်ဥဟပ်ဘွိုင် တစ်လုံးလောက်ကို အစမှအဆုံး ပြီးစီးအောင် ဖောက်ကြော်ရလျှင်ပင် အတော် လုပ်လိုက်ရပြီ…၊

mgyoe.com

mgyoe.com

ငါ ဟင်းချက်တတ်နေပါပြီ…ဟု ခံယူလိုက်ကြသည်က များသည်။ သိပ်မှ စိတ်မဝင်စားလှပဲကိုး။

အဖေသည် ဘဝကို 'စာရေးဆရာ' ဆိုသော အလုပ်တစ်ခုတည်းနှင့်ပဲ သေတပန်သက်တဆုံး အသက်မွေးဝမ်းကျောင်း ပြုသွားခဲ့သည်။ အဖေ စိတ်ရှည်ခဲ့သောအလုပ်သည် သူ့ဘဝတွင် သိပ်များများစားစား မရှိ။ အဖေ စိတ်ရှည်ခဲ့သော အလုပ်သည်လည်း လူတော်တော်များများ စိတ်ရှည်ရန် လွယ်ခဲ့သည့် အလုပ်မျိုး မဟုတ်ခဲ့ပေ။ တခြားသူများ (အထူးသဖြင့်) ယောကျ်ားလေးများ စိတ်မရှည်နိုင်သည့် စာရေးဆရာအလုပ်နှင့် မီးဖိုချောင်မှာ တကုပ်ကုပ် ဟင်းချက်ပြုတ်တတ်သော အလုပ်ပင်တည်း။ ဒီဟာတွေ လုပ်ရမည့်အစား ကျားဖင်သာ ပြေးနှိုက်လိုက်ချင်ပါတယ်ဆိုသူတွေ ရိုက်သတ်၍ပင် မကုန်နိုင်ပါ။

(၆)

အဖေ ဟင်းချက်တာကို ကျွန်တော် ကောင်းကောင်းကြီး စပြီး သတိထားမိခဲ့သော အဖြစ်အပျက်ကို ယနေ့အထိ မမေ့နိုင်။ ထိုစဉ်က ကျွန်တော်သည် ငယ်သေးသည်။ အတိအကျပြောရရင် မူလတန်းကျောင်းသားအရွယ်ပဲ ရှိသေးသည်။ တစ်ညနေ… ကျောင်းဆင်းအပြန် အိမ်အရောက်တွင် ဗိုက်ဆာလှသဖြင့် အပြင်ထွက်ပြီး သူငယ်ချင်းများနှင့် ကမြင်းကြောထဖို့ရန်ပင် သတိမရ။ ထမင်းတန်းစားဖို့ ကြံစည်သည်။ ဖြစ်ချင်တော့ ထိုနေ့က ကျွန်တော် ကြိုက်လောက်၊ စားချင်လောက်သည့် ဟင်းမျိုး အိမ်မှာ ချက်မထား။ စိတ်ညစ်သွားစဉ် တိုက်တိုက်ဆိုင်ဆိုင် အိမ်နောက်ဖေး မြေကွက်လပ်တွင် အဖေ ဟင်းတစ်ခွက် ချက်နေတာကို မြင်လိုက်ရသည်။

ကျွန်တော် သွားစပ်စုသည်။ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ပုဇွန်ခြောက် သေးသေးလေးများဖြင့် ငရုတ်သီးငါးပိချက် ချက်နေတာကို မြင်လိုက်ရသည်။ ကျွန်တော် သဘောကျသွား၏။ ကျွန်တော်က ငယ်ငယ်ကတည်းက အစပ်မကြောက်သူမို့ ငရုတ်သီးချက်နဲ့ပဲ စားတော့ဖို့ ဆုံးဖြတ်လိုက်ပြီး ထမင်းပန်းကန်လေး ခူးကာ အဖေချက်တဲ့ ဟင်းအိုးနံဘေးနား ငုတ်တုတ်လေး ထိုင်စောင့်သည်။

အဖေက စိတ်ရှည်သည်။ ငရုတ်သီးတောင့်လေးတွေကို ညီညီညာညာ ကိုက်ထည့်သည်။ ကြက်သွန်ဖြူ ထောင်းထည့်သည်။ ပုဇွန်ခြောက်မှုန့် ဖြူးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆီပါးပါး လောင်းသည်။ ငါးပိလက်တစ်ဆစ် ချေသည်။ ရေနည်းနည်း ခပ်ပြီး မွှေသည်။ အရသာမြည်းကြည့်သည်။ အဖေ စိတ်တိုင်းမကျသေး။ တစ်ခုခု လိုနေသလိုမျိုး မျက်မှောင်ကြုတ်သည်။ ဖန်ပုလင်းတစ်ခု အဖုံးလှပ်ပြီး အချိုမှုန့် သုံးဇွန်းလောက် ခပ်သည်။ နံနံပင်တစ်ဆုပ် အုပ်လိုက်ပြီး အဖုံးပြန်ပိတ်သည်။ ထိုင်စောင့်သည်။

ကျွန်တော်က စိတ်မရှည်။ မကျက်သေးဘူးလား အဖေရာဟု မေးလိုက်သည်။ ဒီတစ်ရေခန်းရင် စားလို့ရပါပြီကွာ... လို့ အဖေက ပြန်ဖြေပြီး ဖက်ကြမ်း တစ်လိပ်ကို ကောက်ဖွာသည်။ ဆေးလိပ်တစ်ဝက်ကျိုးတော့ အဖေ ဟင်းအိုးဖုံး လှပ်ကြည့်သည်။ ဆီလည်ရေလည် အနေအထားကို ရောက်နေပြီ။ ယောင်းမလေး နှင့် တစ်ချက်မွှေပြီး ဟင်းချက်ကို အရသာမြည်းစမ်းသည်။ ရုတ်တရက် အဖေ့ မျက်နှာ ရှုံ့မဲ့သွားပြီး ဖွီးကနဲ ဟင်းတွေကို ထွေးထုတ်သည်။ တစ်ဆက်တည်း အချိုမှုန့်ပုလင်းကို ဆွဲကြည့်သည်။ ပြီးတော့ ငါကိုင်တုတ်ကာ မီးဖိုပေါ်ကဟင်းအိုးကို ခြေထောက်နဲ့ အားရပါးရ ပိတ်ကန်ထည့်လိုက်သည်။ စားချင်စဖွယ် ငရုတ်သီး ငါးပိချက်သည် မြေပြင်ပေါ်မှာ အငွေ့တထောင်းထောင်းဖြင့် တပြန့်တကျဲ...။

(၇)

ထမင်းဆာသော စိတ်တို့သည် အဖေကန်ထည့်လိုက်သော ငါးပိချက်နှင့် အတူ အငွေ့ပျံသွားသည်လား မသိပါ။ ကျွန်တော် နားမလည်စွာဖြင့် အဖေ့ကို ကြောင်တောင်တောင် ကြည့်နေမိသည်။ အရသာရှိသော ဟင်းကောင်းတစ်ခွက် ဖြစ်လာရန်အတွက် စလယ်ဆုံး စိတ်ရှည်လက်ရှည် ထိုင်ချက်ခဲ့သော အဖေသည် ကျက်ခါနီးမှ ဘာကြောင့်များ စိတ်တိုပြီး ဟင်းအိုးကို အားကုန် ကန်ထည့်လိုက် သနည်း...။ ကျွန်တော် မမေးခင်မှာပဲ အဖေက သူ့ကိုယ်သူ ပြောဖြေဖြေသည်။

"ဒီအချိုမှုန့်ပုလင်းထဲကို ဘယ်သူ သကြားတွေ လာထည့်ထားတာလဲ ကွ..."

ကျွန်တော် ရယ်ချင်သော်လည်း မရယ်ရဲ...။ ထမင်းဆာနေတာလည်း ဘယ်ပျောက်သွားမှန်းမသိ။ အဖေ ရှူးရှူးရှဲရှဲပေါက်ကွဲပြီး အပြင်ထွက်သွားသည်။ ခဏကြာတော့ ဟင်းချက်တချို့ ပါဆယ်ဆွဲပြီး မှုန်ကုပ်ကုပ်မျက်နှာနှင့် အိမ်ပြန် ရောက်လာရှာပါသည်။ အဖေ အပြင်သွားနေတုန်း အစ်ကိုနဲ့အစ်မက အဖေ့ အတင်းတုပ်ကြသည်။ သူတို့တွေ ကျွန်တော့်အရွယ်လောက်တုန်းက အဖေသည်

mgyoe.com

SAMPLE BOOK

တို့ဟူးတုံးကို ငရုတ်သီးဖြင့် ဆီပြန်ချက်ပြီး 'ဆင်သားကွ… အားရှိတယ်… စား' ဆိုပြီး ချက်ကျွေးခဲ့ဖူးသည်။ အစ်ကိုနှင့်အစ်မတို့သည် တကယ့်ဆင်ကြီးရဲ့ အသားကို ချက်ပြီးကျွေးသည်အမှတ်နှင့် တို့ဟူးတုံးကို အမြန်ကုန်သွားမှာ စိုးရိမ်သောစိတ်တို့ဖြင့် တို့ကနန်း ဆိတ်ကနန်း စားခဲ့ကြရသည်တဲ့…။ အဖေ လူပျိုဘဝတုန်းက 'ပဒတ်ကြော်' ကို မိကျောင်းသားဆိုပြီး အမေ့ကို မျက်နှာလုပ် ပိုးပန်းကျွေးခဲ့ဖူးကြောင်းလည်း အမေက ရယ်ရယ်မောမော ဝင်ပြောပြသည်။

(၈)

အဖေသည် သူ့အသိ ဘုန်းကြီးကျောင်းတစ်ခုတွင် လနှင့်ချီပြီး ဦးဇင်း ဝတ်ခဲ့ဖူးသည်။ ဘုန်းကြီးကျောင်းမှာ ကပ္ပိယများချက်သော ဟင်းများစွာတို့ကို ဦးဇင်းဝတ်နှင့် လေ့လာဖြစ်ခဲ့သည်။ ထိုအထဲတွင် ဆွမ်းဟင်းကျန်များကို နောက် တစ်နေ့တွင် ပြန်စုပေါင်းပြီး ရောသမမွှေချက်လိုက်သောဟင်းကို အဖေ အလွန် ကြိုက်သည်။ 'ဟင်းပေါင်း' ဟု အလွယ်ခေါ်ကြသလို 'ဟင်းလေးချက်' ဟု လည်း နာမည်တပ်၍ ခေါ်တတ်ကြသည်။

ဟင်းလေးချက်တစ်ခွက်တွင် ပါလေ့ပါထရှိသော အဆာပလာတို့မှာ ဝက်သားသုံးထပ်သား၊ ငါးခုတ်သား၊ ပဲချို၊ ပုန်းရည်ကြီး၊ လက်ပံပွင့်ခြောက်၊ သရက်သီးချဉ်၊ ငရုတ်သီးဘာလချောင်ကြော်… စသည်တို့ဖြစ်သည်။ အားလုံး ပေါင်းလိုက်တော့ တော်တော်လေး စားကောင်းသည်။ ဘုန်းကြီးကျောင်းများ တွင် ဟင်းလေးချက်အဖြစ် တမင်စီစဉ်ပြီး ချက်ပြုတ်တာမျိုး မည်သည့်အခါ ကမျှ မရှိ။ ဒီအတိုင်း ဆွမ်းဟင်းအကျန်များကိုသာ အလကားမဖြစ်စေရန်၊ သွန်မပစ်ရရန် ရည်ရွယ်ပြီး အကုန်ရောနှော ချက်ပြုတ်သည့် သဘောဖြစ်သည်။ ကိုရင်ငယ်လေးများနှင့် ကပ္ပိယများ၊ ဘုန်းကြီးကျောင်းသားများအတွက် အာရုံ ဆွမ်း၊ မနက်စာအဖြစ် ပြန်လည်အသုံးပြုတတ်ကြသည်။

အဖေကတော့ သူကိုယ်တိုင် သဘောကျ၊ ကြိုက်နှစ်သက်သဖြင့် အိမ်မှာပင် တကူးတက ဟင်းလေးချက် ချက်ပြီး သားသမီးတွေကို ကျွေးတတ် သည်။ တကယ်တော့ ဟင်းလေးချက်မှ မဟုတ်။ အဖေချက်သော ဟင်းတော် တော်များများသည် စားမကောင်းတဲ့ဟင်းက ခပ်ရှားရှား…။ သာမန် ငရုတ်သီး ငါးပိချက်လေးတစ်ခွက်ကအစ ဟင်းအကျန်များကို လှူး၍ ဆီသိပ်မပါဘဲ ကြော် ကျွေးတတ်သော ထမင်းကြမ်းကြော် ပူပူလေးအဆုံး အကုန်လုံး အရသာရှိသည်။

mgoe.com

mgyoe.com

SAMPLE BOOK


အမေချက်ကျွေးသော ဟင်းသုံးလေးခွက်နှင့် ထမင်းတစ်ပန်းကန်ပဲ စားဝင်သော်လည်း အဖေချက်ကျွေးသော ဟင်းတစ်ခွက်နှင့် ထမင်းသုံးလေးပန်းကန် ကုန်သွားတတ်သည်မှာ တော်တော်အံ့သြစရာကောင်းသည် မဟုတ်လား…။

(၉)

ဒီဆီ ဒီဆား၊ ဒီအသီး ဒီအရွက်၊ ဒီအသား ဒီငါး၊ ဒီအိုး ဒီမီး… အားလုံးအတူတူ ဖြစ်ပါလျက် ဒီအရသာက ဘာကြောင့် ပိုပြီး ခံတွင်းတွေ့ရပါသနည်း။ ပိုပြီး စွဲလမ်းရပါသနည်း။ ဘဝမှာ မမေ့နိုင်ရပါသနည်း။ ကျွန်တော်တို့အများစုသည် အဖေချက်တဲ့ဟင်းတွေကို ဘဝရဲ့ငယ်ရွယ်စဉ် အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်းမှာပဲ စားခွင့်ရခဲ့ကြရလို့များလား…။ နောက်တစ်ခုက အဖေတို့သည် အမေတို့လို နိစ္စဓူဝ မီးဖိုချောင်မဝင်တတ်ကြဘဲ စိတ်ကူးရမှ တစ်ခါတလေ ဝင်ဝင်လက်စွမ်းပြကြခြင်းကြောင့်များလား။ ဒါမှမဟုတ် လူတို့သည် အသက်အရွယ် ကြီးမြင့်လာသည်နှင့်အမျှ ချို့ယွင်းအားနည်းလာတတ်သော လျှာရဲ့ အရသာခံနိုင်စွမ်း လျော့ကျလာမှု သဘောတရားကြောင့်များလား…။ ငယ်ဘဝရဲ့ မှတ်ဉာဏ် အဖြစ်ထွန်းဆုံးကာလတွေမှာပဲ အဖေ့လက်ရာဟင်းတွေကို ခဏခဏ စားဖူးခဲ့ကြလို့များလား…။ တစ်ခုမဟုတ် တစ်ခုခုကြောင့်တော့ ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့အသက်တွေ ကြီးလာသည့်တိုင် ကျွန်တော်တို့ကိုယ်တိုင် အဖေတွေ ဖြစ်လာချိန်ထိတိုင် တစ်ချိန်က အဖေချက်ကျွေးဖူးသော ဟင်းများလောက် လျှာလည်သည့်ဟင်း၊ လက်ရာမြောက်သည့်ဟင်းတွေ ထပ်မစားရတော့၊ သိပ်မတွေ့ရတော့ဟု ခံစားရသည်။

အသားတစ်တုံး မပါ။ အရည်ကျဲကျဲ တောင်ရတ်သီး ငါးပိချက်လေးသည်လည်းကောင်း၊ ချိုး(ဂျိုး)နဲ့တသင်းသင်း မနက်ခင်းရဲ့ ခြောက်ကပ်ကပ် ပဲပြုတ်ထမင်းကြော်လေးသည်လည်းကောင်း၊ ဒီကမ္ဘာမှာ အဖေ ချက်ကျွေးခဲ့ဖူးသော လက်ရာလောက် အရသာရှိတဲ့ဟင်းတွေ လက်ရာမျိုးတွေ ကျွန်တော်သည် ယနေ့အထိ ထပ်မစားရတော့ဟု တွေးပြီး လွမ်းမောတမ်းတမိသည်။

(၁၀)

ကျွန်တော် စွပ်စွဲချင်သည်။ ခင်ဗျားအသက်က သုံးဆယ်နဲ့အထက် ရှိမယ်။ ခင်ဗျားအဖေကလည်း မိသားစုမှာ အိမ်ဦးနတ်အဖြစ် ဆက်ရှိနေမယ်။

mgyoe.com

SAMPLE BOOK
mgyoe.com

ခင်ဗျား အဖေ စိတ်ပါလက်ပါ ချက်ကျွေးတဲ့ဟင်းတွေကိုလည်း မကြာခဏ စားနေခွင့် ရနေသေးတယ်ဆိုရင် ခင်ဗျားဟာ ထိမထိုးထားဘဲ ထိဆုကြီး နေ့တိုင်း ပေါက်နေတဲ့ မဟာကံထူးရှင် လူသားတစ်ယောက် ဖြစ်တယ်ဆိုတဲ့အကြောင်း...။

ကျွန်တော်ပြောပြချင်သည်။ ဟင်းတွေမှာ လျှို့ဝှက်ချက်ရှိကြောင်း ...။

၃၀၊ ဩဂုတ်၊ ၂၀၂၄။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# ငယ်ဘဝ ဆံသဆိုင်

(၁)

ဒီဆံပင်ညှပ်ဆိုင်လေးအကြောင်းကို စာတစ်ပုဒ်အဖြစ် ရေးဖြစ်လိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပါ။ မြန်မာရုပ်ရှင်ကားထဲကလို စာတန်း တစ်ခုထိုးပြရသော် 'လွန်လေပြီးသော နှစ်ဆယ့်နှစ်နှစ်ခန့်က ...'။

(၂)

ကျွန်တော် ခုကျော်သက်အရွယ်က ဖြစ်သည်။ အတိအကျဆိုရသော် ၇၊ ၈၊ ၉ နှစ်ခန့်အရွယ်ကာလများ...။ ခရစ်သက္ကရာဇ်အရဆိုပါက (၂၀၀၀) ပြည့်စွန်းပြီးစအချိန်။ ကျွန်တော်တို့ရပ်ကွက်ထဲတွင် ဆံပင်ညှပ်ဆိုင်ဟူ၍ များများ စားစား မရှိ။ တစ်ဆိုင်တည်းပဲ ရှိသည်။ တကယ်တော့ တခြားဆိုင်တွေလည်း ရှိကောင်းရှိနိုင်ပါလိမ့်ဦးမည်။

ထိုစဉ်က ကျွန်တော်သည် မူလတန်းကျောင်းသားအရွယ် ကလေးပဲ ဖြစ်နေသေးသည့်အားလျော်စွာ သိရှိသွားလာနိုင်မှုနယ်ပယ် ကျဉ်းမြောင်းသေး သောကြောင့် ထိုတစ်ဆိုင်တည်းကိုပဲ ကောင်းကောင်းသိတာမျိုးလည်း ဖြစ်နိုင်ပါ သည်။ ဘယ်အချိန်ကစပြီး ဒီဆိုင်လေးမှာ ဆံပင်ပထမဆုံး စညှပ်ခဲ့ဖူးသည်ကိုလည်း သေချာမမှတ်မိတော့ပါ။ ဆံသဆိုင်သည် ကျွန်တော်တို့ အိမ်နောက်ဖေးကပ်လျက် အိမ်နီးနားချင်း အိမ်ဝိုင်းကြီးထဲမှာ ဖွင့်ထားသည်။ ဆိုင်နာမည် သီးသန့်မရှိ။

သက်ငယ်မိုး ဝါးတဲလေးသာ ဖြစ်သည်။ ဆိုင်မျက်နှာစာကို ကဲလား ချထားပြီး အလျားအနံ ရှစ်ပေပတ်ချာလည်ခန့်သာ ကျယ်ဝန်းသည်။ နယ်က

mgyoe.com

SAMPLE BOOK

ဆံပင်ညှပ်ဆိုင် ဖြစ်လင့်ကစား တော်တော်လေး ကျဉ်းမြောင်းလှတာကို ခုချိန်မှာ သေချာသတိပြုမိသည်။

(၃)

ဆံသဆရာနာမည်က ဦးစမ်းဖြစ်သည်။ နသတ်နှင့် မစန်းဘဲ မ, သတ်နှင့် စမ်းထားသောကြောင့် စိတ်ထဲမှာ ဘယ်လိုကြီးလဲ၊ မိန်းမဆန်နေသလိုပဲဟု တွေးဖူးသည်။ နာမည်မရှိသည့်ဆိုင်မို့ ဆံသဆရာ နာမည်ကိုပဲ နာမည်တပ်ပြီး အလွယ်ခေါ်ကြရသည်။

''ဦးစမ်း ဆံပင်ညှပ်ဆိုင်''

ဦးစမ်း ဆံပင်ညှပ်ဆိုင်သည် ကျွန်တော်တို့အိမ်နဲ့ကပ်လျက် နောက်ဖေး အိမ်ဝိုင်းထဲတွင် ဖွင့်ထားတာဖြစ်သောကြောင့် မိဘများသည် နီးနီးနားနား စိတ်ချရသည်ဆိုပြီး ကျွန်တော့်ကို လိုက်ညှပ်ပေးခဲ့သည်ဟုပဲ တွေးရပါသည်။ အစောပိုင်းကာလများက ကျွန်တော် ဆံပင်ညှပ်ရလျှင် အဖေ (သို့မဟုတ်) အမေ၊ တစ်ယောက်မဟုတ် တစ်ယောက် ကျွန်တော်နှင့်အတူ လိုက်ပါတတ် စမြဲ...။ နောင်အခါတွင် ကျွန်တော်တစ်ယောက်တည်းပဲ သွားညှပ်ဖြစ်သည်။ ဦးစမ်းနှင့်လည်း သိပ်မစိမ်းသက်တော့တာလည်း ပါလိမ့်မည်။

(၄)

မိဘများက ကျွန်တော့်ခေါင်းကို ဘိုကေညှပ်ပေးပါဟု အပ်သည်။ ကျွန်တော်တို့ကလေးဘဝခေတ်က ယောကျ်ားလေးမှန်ရင် ဘိုကေ၊ ဘိုကေ၏ သဘောသဘာဝက ညှပ်ရလွယ်သည်။ ရိုးရှင်းသည်။ ဘေးနှစ်ဖက်ပါး။ နောက်ကို ပါး။ အပေါ်ကို မထူမပါးညှပ်ပြီးလျှင် ပြီးပြီ။ ကလေးမို့ ဘိုကေနှင့်လိုက်သည်။ ဘိုကေက ပေါ့ပေါ့ပါးပါးရှိသည်။ ဘိုကေပဲ ညှပ်ရမည်ဟု ပညက်သည်။ ထို့ကြောင့် ဦးစမ်းသည် ကျွန်တော် ဆံပင်ညှပ်တိုင်း ဘိုကေပဲ ညှပ်လွှတ်ပေးသည်။ ကျွန်တော်က စိတ်တိုင်းမကျလှ။ မဖြစ်လို့သာ ဆံပင်လာညှပ်ရ သည်။ ဆံပင်တိုတာကို အလွန်နှမြောတတ်သော စိတ်ကလေးက ရှိသေးသည်။

ထိုစဉ်က တိုက်တန်းနစ်ရုပ်ရှင် အလွန်နာမည်ကြီးနေချိန်...။ မင်းသား လီယိုနာဒိုဒီကာပဒီယိုရဲ့ ရွှေအိုရောင်ဆံပင်ရှည် ခပ်အုပ်အုပ်က ရေပန်းစားနေသည်။ ကျွန်တော်က အထွန့်တက်သည်။ ဘိုကေ မညှပ်ပေးပါနှင့်...။ လီယို

mgyee.com

နာဒိုကေ ညှပ်ပေးပါဟု တောင်းဆိုသည်။ ဦးစမ်းက ပြုံးပြုံးပြုံးပြုံးနှင့် ခေါင်းညိတ်သည်။ ကျွန်တော်လိုချင်သည့် လီယိုနာဒိုကေကို ရနိုင်သလောက် ညှပ်ကြည့်ပေးမည်ဟု ဆိုသည်။ တကယ်တော့ လာညှပ်သော ကျွန်တော်၏ဆံပင်သည် လီယိုနာဒိုလောက် ရှည်မနေ။ ထို့ပြင် ကျွန်တော်၏မျက်နှာပေါက်သည်လည်း အလယ်ခွဲကေနှင့် ဘယ်လိုမှမလိုက်ဖက်…။

ကလေးမို့ ဒါတွေကို နားမလည်သော်လည်း လီယိုနာဒိုကေကို ပါးစပ်က မချ။ ခေါင်းငုံ့ပါ၊ ခေါင်းစောင်းပါ၊ ခေါင်းမော့ပါ… စသဖြင့် ဦးစမ်းအလိုကျ ကျွန်တော် လိုက်နေပေးရပြီး လက်စသတ်တော့ မှန်ထဲမှာ လီယို နာဒိုမရှိ။ ဘိုကေနှင့် ကျွန်တော့်ကိုသာ ရှုံ့မဲ့စွာ မြင်ရလေသည်။

(၅)

ဦးစမ်းက လူပျိုကြီးဖြစ်သည်။ သူ့နာမည်ကို ဆံပင်ညှပ်သည့် ကြည့်မှန်ကြီးထောင့်မှာ ကပ်ထားသော သူ့ဓာတ်ပုံကိုကြည့်ပြီး သိရခြင်းဖြစ်သည်။ ဦးစမ်း လူပျိုဘဝက ရိုက်ထားသော ကိုယ်တစ်ပိုင်းအလှပုံတွင် 'မောင်စမ်း'ဟု ရေးထားသော စာတန်းလေးရှိသည်။ ဦးစမ်း၏ပုံသဏ္ဌာန်မှာ အဆိုတော် အာဇာနည်နာမည်ကြီးခါစအရွယ်က ပုံစံမျိုးဖြစ်သည်။ ကုပ်ထောက်ဆံပင်ကေသာမက နှုတ်ခမ်းမွေးစစ၊ ပါးရိုးကားကား ခပ်ပိန်ပိန်ခန္ဓာကိုယ်ကအစ ဆင်တူသည်။

ဦးစမ်း၏ ဆံသကိရိယာများက အတော်ရှေးကျသည်။ ဆိုင်ရှိ တစ်ချပ်တည်းသော ကြည့်မှန်က လက်တစ်လုံးမက ထုထဲပြီး ထောင့်မှန်စတုဂံ ပတ်ချာလည် အနားစွန်းများတွင် ပြဒါးများပင် ပျက်နေရှာပြီ။ ပြီးတော့ ထိုမှန်ကို ကြည်လင်ပြတ်သားစွာ မြင်ရအောင်လည်း သန့်ရှင်းရေး အမြဲဂရုတစိုက်လုပ်တာမျိုးလည်း မရှိ။ မျက်နှာတစ်ခု၊ ခေါင်းတစ်လုံးစာသာ ကောင်းကောင်းမြင်ရရုံ မှန်အလယ်တည့်တည့်လောက်ပဲ ကွက်ပြီး ကြည့်ပျော်ရှုပျော်ရှိသည်။ ဆံပင်ညှပ်ချိန် မှန်ထဲက ကိုယ့်ကိုယ်ကိုယ် ပြန်မြင်ရသည်မှာ ရှေးဟောင်းအဖြူအမည်းရုပ်ရှင်တစ်ကားကို ပျင်းရိစွာ ထိုင်ငေးကြည့်နေရသလိုပင်…။ မှတ်မှတ်ရရ ကျွန်တော်သည် ဆံပင်ညှပ်နေရင်း ငိုက်ငိုက်ကျသွားတတ်တာပင် ခဏခဏ။

ဦးစမ်းကလည်း ဆံပင်ညှပ်နေချိန်တွင် ထွေရာလေးပါး စကားများတတ်တာမျိုးလည်း မရှိပေ။ ဆံလည်ကုလားထိုင်ကို ပတ်ချာလည်လှည့်သော အခါ ခုံအောက်က တကျွီကျွီမြည်သံရှည်ကြီးသည် ကျွန်တော့်ကို အိပ်မပျော်

mgyoe.com

mgyoe.com
SAMPLE BOOK

ပျော်အောင် ချော့သိပ်ပေးနေသလိုမျိုး…။ ထိုင်ခုံ၏ဆုံလည်ဝင်ရိုးထဲကို ဆီလောင်းထည့်ဖို့လည်း သတိမရဘူးလားမသိ။

(၆)

ပထမတွင် ဆံပင်ညှပ်ခါစက ကတ်ကြေးနှင့်အရင် လိုက်ညှပ်သည်။ ကတ်ကြေးကဏ္ဍပြီးတော့ စက်ကတ်ကြေးအလှည့်ရောက်သည်။ ကျွန်တော် ကြက်သီးတဖြန်းဖြန်း ထရခန်းများ စပါပြီ။ စက်ကတ်ကြေးဖြင့် ကုပ်ပိုးများ၊ နားထင်နှစ်ဖက်၊ နားသယ်စပ်များကို ပါးသောအခါ စက်ကတ်ကြေးသံ ဂျက်ဂျက်ဂျက်ဂျက်က ယားကျိကျိဖြင့် ကျွန်တော့်ကို မရိုးမရွဖြစ်စေသည်။ ပေါင်ပေါ်တင်ထားသော လက်နှစ်ဖက်စလုံးတွင် ကြက်သီးမွေးညင်းများ ကြက်အရေခွံတစ်ခုပမာ စုပ္ပုပြုံးပြဲ ထလာကြသည်။ ဒါတင်မက ဦးစမ်း၏ စက်ကတ်ကြေးက အသွားတွေကို သေချာသွေးထားပုံမရ။ တစ်ခါညှပ်လိုက်တိုင်း ဆံပင်သုံးလေးငါးပင် ထက်မနည်း ခေါင်းကနေ ဆောင့်ဆွဲနုတ်လိုက်သလို တဖြုတ်ဖြုတ် ပါပါသွားလေရာ ပြုသမျှ နုနေရသော အောက်ကကျွန်တော်သည် ထမရ ပြုမရနှင့် အတော်ခံရခက်လှသည်။ သူလိုချင်သော ပုံစံအတိုင်း ခေါင်းကို ငြိမ်ငြိမ်နေမပေးနိုင်တော့ဘဲ စောင်းငန်းစောင်းငန်း ပတ်ချာလည်နေသည်။ စက်ကတ်ကြေးအလှည့်ပြီးတော့ ရိုးရိုးကတ်ကြေး ပြန်ဝင်သည်။

ထိုအချိန်လေးပဲ သက်သာရာရပြီး အိပ်ငိုက်ရသည်။ ရိုးရိုးကတ်ကြေးနှင့် စိတ်တိုင်းကျ လိုက်ညှပ်ပြီးသောအခါ နောက်ဆုံးအဆင့် သင်တုန်းဓား အလှည့်ရောက်သည်။ ကျွန်တော် နောက်တစ်ခါ ကြက်သီးမွေးညင်းထခန်း ရောက်ပြန်ပါပြီ။ ဦးစမ်းက ဘလိတ်ဓားမသုံးတတ်။ သူ၏တစ်ချောင်းတည်းသော သင်တုန်းဓားကြီးကို လှည့်ထုတ်ပြီး ဒေါက်တွေ လိုက်တိသည်။ သင်တုန်းဓားက လေးလက်မလောက်ရှည်သည်။ အေးစက်စက်အထိအတွေ့နှင့်အတူ မတော်တဆ လက်ချော်ပြီးများ နားရွက်ကြီး ရှပ်ခနဲ ပြတ်ကျသွားမလားဟု ကလေးပီပီ ရင်တထိတ်ထိတ် လျှောက်တွေးရင်း ကြက်သီးထလာတာ ဖြစ်သည်။

ကျွန်တော် အမြဲတမ်းသတိထားမိတာ တစ်ခုရှိသေးသည်။ သင်တုန်းဓား မထိခင် ရိတ်မည့်နေရာတစ်လျှောက်ကို မြင်းမြီးဘရပ်ရှ်ဖြင့် ရေစွတ်ပြီး လိုက်တို့သောအချိန်ဖြစ်သည်။ ရိုးရိုးဖန်ခွက်ထဲ ထည့်ထားသောရေသည် အသားကို လာစွတ်ချိန်တွင် ရေခဲတမျှ အေးစိမ့်နေခြင်းပင်။

mgyoe.com

mgyoe.com SAMPLE BOOK

(၇)

အားလုံး အချောသပ်ညှပ်ပြီးသွားတော့ ဆုံလည်ကုလားထိုင်ကို မှန်ရှေ့တစ်ပတ်လှည့်ပြသည်။ ခါးတိုသောနေရာများပေါ်တွင် ပေါင်ဒါမှုန့်ဖြင့်တို့ပတ်လိုက်ရိုက်ပြီး မြင်းမြီးဘရတ်ရှ်အကြီးစားဖြင့် တိုက်ချကာ သန့်ရှင်းပေးသည်။ ခန္ဓာကိုယ်ပေါ် ဆံဖြတ်စများမကျရန် ကိုယ်ပေါ်လွှမ်းထားသော အဝတ်စကိုဖယ်သည်။ ပြီးတော့ ကျွန်တော်သည် ဆံပင်ညှပ်ခ နှစ်ဆယ့်ငါးကျပ်ကိုပေးလိုက်သည်။ ဦးစမ်းက ကြည့်မှန်တင်ထားသော စားပွဲအံဆွဲကို ဆွဲဖွင့်ပြီးပိုက်ဆံကိုထည့်သည်။ ဆံပင်ညှပ်ခက လူကြီးငါးဆယ်၊ ကလေးအစိတ်ဖြစ်သည်။

ကျွန်တော်တို့ မူလတန်းအရွယ်က ရပ်ကွက်ထဲတွင် လေးခွတစ်လက်စီဖြင့် ငှက်ကလေး၊ ရှဉ့်ကလေး၊ ပုတ်သင်ညိုလေးများကို လက်တည့်စမ်း ပစ်ခတ်တတ်ကြပြီး အကောင်များရလာတာတွေ့လျှင် ဦးစမ်းက လှမ်းခေါ်ပြီး ပုတ်သင်ညိုပါလားဟု မေးတတ်သည်။ ပါလျှင် ဝယ်မည်ဟုဆိုကာ ဝယ်သည်။ ပုတ်သင်ညိုအသေကောင်ယူပြီးတော့ ထိုကလေးကို ဆံပင်အလကား ညှပ်ပေးသည်။ ကျွန်တော်က ငှက်သာပစ်တတ်ပြီး ပုတ်သင်ညိုကိုတော့ အရူးလှသဖြင့်မပစ်ရဲ…။ ဘာလုပ်ဖို့ဝယ်တာလဲ မေးတော့ ဦးစမ်းက ပန်းနာရင်ကြပ်အတွက်ကောင်းတယ်ဟု ဖြေသည်။ ဆံပင်ညှပ်ခကို မုန့်ဖိုးအဖြစ် အသွင်ပြောင်းလိုကြသောရပ်ကွက်ထဲက ကလေးတချို့ကြောင့် ပုတ်သင်ညိုများ ကံဆိုးမိုးမှောင် ကျကုန်၏။

ဦးစမ်းဆိုင်တွင် ကိုယ့်ရှေ့က တစ်ယောက်ယောက် ဆံပင်ညှပ်နေတာမျိုး ကြုံကြိုက်သောအခါ ကျွန်တော်သည် အိမ်မပြန်ဘဲ ဆိုင်ထဲမှာ ထိုင်စောင့်ဖြစ်သည်။ မှန်တင်ခုံစားပွဲ၏ဘေးတွင် ဝါးထန်းလက် ပက်လက်ကုလားထိုင်တစ်လုံး ရှိသည်။ ဝါးခြမ်းတချို့မှာ ကျိုးတိုးကျဲတဲ…။ ထိုပက်လက်ကုလားထိုင်တွင်လည်း ကြာကြာမထိုင်နိုင်ပါ။ ကြမ်းပိုးကိုက်လှသောကြောင့် ဖြစ်သည်။ စူးခနဲ ပူထူသွားလျှင် မခံမရပ်နိုင်တော့ပဲ ကိုယ့်ရှေ့ကလူညှပ်တာ ကြာရင်ကြာသလို ကြမ်းပိုးရှာသတ်ရပါသေးသည်။

တစ်ခါတလေကျတော့လည်း စားပွဲပေါ်တင်ထားသော သတင်းစာအဟောင်း၊ ဂျာနယ်၊ မဂ္ဂဇင်းအဟောင်းများကို ဟိုဒီလှော်ကာလှန်ဖတ်ရင်းကိုယ့်အလှည့်ကို စောင့်ရပါသည်။

ဦးစမ်းသည် လူကြီးများကို ဆံပင်ညှပ်ပေးရသောအခါများတွင်တော့ထွေရာလေးပါး စကားပြောရှာသည်။ သာရေးနာရေး၊ ရပ်ကွက်ဖဲဝိုင်းမှသည်

mgyoe.com

mgyoe.com SAMPLE BOOK

အမေရိကန်-အီရတ်စစ်ပွဲတွေအထိ နောက်ဆုံး လကမ္ဘာပေါ်ပါ ရောက်ကုန်သည်။

(၈)

ကျွန်တော် အလယ်တန်းကျောင်းသားဖြစ်လာတော့ ဆံပင်ညှပ်ခ ဈေးတက်သွားသည်။ ငါးဆယ်ကျပ်။ အရင်က လူကြီးနှုန်းထား။ ကျွန်တော်က ကလေးပဲဟု ပြောလို့ရသေးသည်။ သို့ရာတွင် ကျွန်တော့်ထက် ကြီးတဲ့သူများ အားလုံးကို တစ်ရာတောင်းသည်ဆိုတော့ အထွန့်မတက်တော့ပါ။ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းနှစ်များအထိ ဦးစမ်းဆိုင်မှာပဲ ဆံပင်ညှပ်ဖြစ်နေတုန်း။ ဘိုကေသည်လည်း မပြောင်းလဲ။ မူလတန်းအရွယ်ကလိုတော့ ဆံပင်ညှပ်နေ ရင်း အိပ်ငိုက်ပြီး ခေါင်းထိုးစိုက်ကျ မသွားတတ်တော့ပါ။ ဦးစမ်းနှင့်လည်း ဆံပင်ညှပ်နေရင်း စကားတွေ အပြန်အလှန်ပြောဖြစ်ခဲ့သည်။ ဘာအကြောင်းအရာတွေ ပြောဖြစ်ခဲ့ကြလဲတော့ ရေရေရာရာ မမှတ်မိ…။

ကျွန်တော်သည် ဦးစမ်းဆိုင်မှာ ဆံပင်ညှပ်ချိန်တိုင်း ဦးစမ်းကို မေးမည် မေးမည်ဟု တေးထားသော မေးခွန်းတစ်ခုရှိသည်။ တခြားမဟုတ်။ ဦးစမ်းသည် ဘယ်နှနှစ်ကြာကြာ၊ ဘယ်အချိန်ကြည့်ကြည့် သူ့ဆံပင်သည် အာဇာနည် ကုပ်ထောက်ကေနဲ့ပဲ ဖြစ်သည်။ အမြဲတမ်း ပုံကျနေသည်။ လူကြီးဖြစ်နေလို့ ဘိုကေတိုတိုပါးပါးနှင့် မြင်ရသည်မျိုး တစ်ခါမှမရှိ။ ဦးစမ်းဆံပင်ကိုရော ဘယ်ဆံသဆရာများ ညှပ်ပေးသနည်း… ဟူသော မေးခွန်းပင်။

တစ်ရက်မဟုတ် တစ်ရက် တစ်ကြိမ်မဟုတ် တစ်ကြိမ် ဆက်ဆက်မေးကြည့်ဦးမယ်… ဟုတွေးရင်းပင် ဆံပင်ညှပ်ဖြစ်တိုင်းလည်း တစ်ခါမှမမေးဖြစ်ခဲ့။ အထက်တန်းကျောင်းသား ဖြစ်လာတော့ ကျွန်တော်သည် တခြားရပ်ကွက်က လူငယ်လက်တက် ဆံပင်ညှပ်ဆိုင်အသစ်များတွင် ဆံပင်ပြောင်းညှပ်ဖြစ်ခဲ့သည်။ မြဝတီ၊ မြန်မာ့အသံကလွှင့်သော ကိုရီးယားခေတ် ရေစီးကြောင်းအရ ဘိုကေကလည်း ကိုရီးယားကေအဖြစ်သို့ ပြောင်းလဲသွားသည်။ ဦးစမ်းနှင့် ကျွန်တော်လည်း အဆက်ပြတ်သွားခဲ့သည်။ တစ်ခါတလေလောက်ပဲ ဆုံတွေ့၊ နှုတ်ဆက်ဖြစ်တော့တာမျိုး…။

mgyoe.com

mgyoe.com SAMPLE BOOK

(၉)

ဆယ်တန်းပြီးနောက်ပိုင်းကာလများတွင် ကျွန်တော်သည် မွေးရပ်မြေမြို့ကလေးမှာ သိပ်မရှိတော့…။ အဖေနှင့်အတူ ရန်ကုန်မြို့လမ်းမများပေါ်မှာပဲ အချိန်တွေ ကုန်ဆုံးခဲ့သည်။ အိမ်ကိုလည်း တစ်နှစ်တစ်ခေါက် အလည်အပတ် ခဏပြန်ဖြစ်တာမျိုးပဲ ရှိတော့သည်။ ထိုကာလများအတွင်း ကျွန်တော်၏ခေါင်းတွင် ဆံပင်ကေအမျိုးမျိုး ပြောင်းလဲခဲ့သည်။ ဘိုကေကလွဲ၍…။ ကျွန်တော်၏ခေါင်းကို ဆံသဆရာပေါင်းများစွာ ညှပ်ခဲ့ကြသည်။ ဦးစမ်းက လွဲ၍…။

အသက်နှစ်ဆယ်ကျော်ကျော် တစ်ခုသော အိမ်အလည်ပြန်သည့်နှစ် တွင် ရပ်ကွက်ထဲ လျှောက်လည်ရင်း ကျွန်တော့်အိမ်နောက်ဖေးက ဦးစမ်း၏ ဆံပင်ညှပ်ဆိုင်လေး ပိတ်ထားတာကို မြင်ရသည်။ ဘာရယ်မဟုတ်။ အမှုမဲ့ အမှတ်မဲ့။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ တစ်ပတ်ဆယ်ရက် ကြာသည် အထိ ဆိုင်လေးပိတ်ထားတာသည် မဖွင့်သောအခါ သတိထားမိပြီး ကျွန်တော့် စိတ်ထဲမှာ မတင်မကျ ဖြစ်လာသည်။ သို့နှင့် တစ်ရက်တွင် အမေ့ကို မေးကြည့်သည်။

"ဦးစမ်းက မိန်းမရသွားပြီလား၊ ဆံပင်မညှပ်တော့ဘူးလား၊ ဆိုင်ပိတ်ထားတာ ကြာလှပြီနော်…" ဟု…။

ထိုအခါ အမေသည် ကျွန်တော့်ကို အနည်းငယ် အံ့သြသလိုမျိုး ကြည့်ပြီး ပြန်ဖြေသည်။

"ဟယ်… နင်မသိသေးဘူးလား၊ ဦးစမ်းက ဆုံးသွားပြီလေ၊ ပန်းနာရင်ကြပ်နဲ့…"

ဒီတစ်ခါ ပါးစပ်အဟောင်းသားဖြစ်ပြီး ဆွံ့အအံ့သြသွားသူကတော့ ကျွန်တော်ပဲ ဖြစ်ပါသည်။

(၁၀)

ဦးစမ်း ဆံပင်ကေကို ဘယ်သူညှပ်ပေးတာလဲဆိုတာ ကျွန်တော် မသိရတော့ပါ။

တစ်ရက်မဟုတ်တစ်ရက်၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်မှ အေးဆေး မေးမယ်ဆိုသော မေးခွန်းသည် နှစ်ပေါင်းများစွာ ကြာမြင့်သွားသောအခါ မေ့မေ့ ပျောက်ပျောက်နဲ့ပဲ အဖြေပေးနိုင်သည့် ကာယကံရှင်နဲ့အတူ ပျောက်ကွယ်သွားခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပါပြီ…။ ဒီမေးခွန်းသည် ကျွန်တော့်ဘဝအတွက် ဘာမျှအရေးမပါ၊ အရေးမကြီး လှသော်လည်း စိတ်ထဲမှာတော့ စနိုးစနောင့် တနုံ့နုံ့ဖြစ်ကျန်နေခဲ့သည်။

ဒီအတိုင်းပဲ ကျွန်တော့်ဘာသာ ဖြည့်တွေးကြည့်မိတော့ အဖြေ နှစ်ခုပဲ ထွက်သည်။ တခြားဆံသဆရာတစ်ယောက်ယောက်က ဦးစမ်းဆံပင်ကို ညှပ်ပေး တာနှင့် ဦးစမ်းကိုယ်တိုင် သူ့ဆံပင်သူ မှန်ကြည့်ပြီး ပြန်ညှပ်တာ။ တကယ့် အဖြေမှန်ကိုတော့ ဦးစမ်းကိုယ်တိုင်ပဲ အတိအကျသိပါလိမ့်မည်။ ကျွန်တော်သည် အဆိုတော် အာဇာနည်ကို မြင်ရတိုင်း ဦးစမ်းကို သတိရမိတတ်ဆဲ။ မည်သို့ပင် ဖြစ်စေ ဦးစမ်းသည် သူညှပ်ပေးဖူးခဲ့သော ခေါင်းများစွာထဲတွင် 'စာရေးဆရာ တစ်ယောက်' ရဲ့ခေါင်းပါနေကြောင်းကို မသိရှိခဲ့။ ကျွန်တော်သည်လည်း 'ဆံသ ဆရာတစ်ယောက်' ရဲ့အကြောင်းကို စာတစ်ပုဒ်ရေးဖွဲ့ရန် ဘယ်တုန်းကမှ ကြိုတင် စဉ်းစားမထားဖူးခဲ့…။

ဆံသဆရာသည် ခေါင်းတကာရဲ့ဆံပင်များကို လှပစွာ ပုံဖော်ရန် အတွက် သူ၏လက်နှစ်ဖက်ကို အသုံးပြုရသည်။ ထို့အတူ စာရေးဆရာသည် ဆံသဆရာရဲ့ ဆံပင်ညှပ်ဆိုင်လေးအကြောင်းကို လှပစွာ သရုပ်ဖော်ရန်အတွက် သူ၏ဦးခေါင်း (ဦးနှောက်)ကို အသုံးပြုရပါသည်။

*၁၂၊ စက်တင်ဘာ၊ ၂၀၂၄။*

○

mgyoe.com

mgyoe.com SAMPLE BOOK

# မြေစာပင်

## (၁)

အကြိမ်ကြိမ် ကြည့်ရှုခဲ့ဖူးသော နိုင်ငံခြားရုပ်ရှင်ဇာတ်ဝင်ခန်းများအတိုင်း လက်တွေ့ဘဝမှာ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ခဲ့ရမည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့။ ရုပ်ရှင်ထဲမှာသာ ကြားဖူးသော အသံများသည် လက်တွေ့ဘဝထဲမှာ မိုးခြိမ်းသံနဲ့မခြား အတော်ကျယ်လောင် ကြောက်မက်ဖွယ်ကောင်းလှကြောင်း…။ ရုပ်ရှင်ထဲမှာသာ မြင်ဖူးသော ရုပ်ဝတ္ထုနှင့် သတ္တဝါကြီးများသည် လက်တွေ့ဘဝထဲမှာ ခေတ်သစ်ရဲ့နတ်ဆိုးမိစ္ဆာ မကောင်းဆိုးရွားများအဖြစ် မျက်ဝါးထင်ထင် စက်ဆုပ်တုန်လှုပ်ဖွယ် တွေ့ရှိရကြောင်း…။ ရုပ်ရှင်ထဲက လူရာပေါင်းများစွာ၊ ထောင်ချီသော လူအုပ်ကြီးသည် လက်တွေ့ဘဝထဲမှာ မြို့ပြင်ရှိ ဂူတစ်ဂူဆီသို့ ဦးတည်သော ပုလွေဆရာရဲ့ ညို့ငင်ရာနောက်သို့ ကောက်ကောက်ပါအောင် အလု အယက် တိုးဝှေ့လိုက်ပါနေကြသည့် ကလေးငယ်များကဲ့သို့ အံ့သြဆို့နင့်ဖွယ် ကောင်းကြောင်း…။ သူ ကောင်းကောင်းကြီး သိရှိနားလည်ခဲ့ရသည်။

ကောင်းကင်ပေါ်မှာ ဒေါသတကြီးဖြင့် မီးများအဆက်မပြတ် မှုတ်ထုတ်လျက်ရှိသော နဂါးပျံကြီးများ…။ မြေပြင်ပေါ်မှာတွေ့သည့်နေရာ အူပွင့်အောင် မဆိုင်းမတွ ကောက်ပက်ပစ်လိုက်မည့် တောဝက်ကြီးများ…။ လမ်းတစ်လျှောက်မှာ အဆင့်ဆင့်ဖြတ်ကျော်ရမည့် တားဆီးပိတ်ပင်ထားသော တောင်တန်းအထပ်ထပ်…။ နက်ရှိုင်းသော ပြန်လမ်းမရှိသည့် ချောက်ကမ်းပါးများ။ အောက်ခြေအထိ ဆွဲယူဝါးမြိုသွားမည့် အယောင်ဆောင် ရွှံ့နွံဗွက်အိုင်များ…။ တောမီးကို ကြိုလင့်နေသော လက်ခမောင်းခတ်နေသည့် တောကြောင်များ…။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီရုပ်ရှင်ကို သူဆက်မကြည့်လိုပြီ။ ဒီဇာတ်ဝင်ခန်းကို ရစ်ကျော်ပစ်ရန် သူ့မှာ ရီမုမရှိ။ ဘာမှမတတ်နိုင်ပါ။ ဒါက ရုပ်ရှင်မဟုတ်သည့် လက်တွေ့ဘဝ။ သူ့မှာ မီးစင်ကြည့်ကရန် တစ်နည်းသာ ရှိသည်။

(၂)

ထောင်ချီသော မနက်ခင်းပေါင်းများစွာ နိုးထခဲ့ဖူးပြီးပြီ။ လင်းကြက်တွန်သံ၊ အုန်းမောင်းခေါက်သံ၊ ကျေးငှက်ကလေးများ၏ တီတီတာတာ အပြိုင်အဆိုင် အော်မြည်သံ၊ ပဲပြုပ်ကောက်ညှင်းပေါင်းပူပူလေးအော်သံ၊ ဘုရားဝတ်ပြုသံ၊ ကြေးစည်ထုသံ၊ သီလရှင်များ၏ ညီညာဖျဖျ ဆုတောင်းသံ၊ မော်တော်ကား ဖြတ်မောင်းသွားသံ၊ တံမြက်စည်းလှည်းသံ၊ တစ်ခါတစ်ရံကြားရခဲလှသေးသော မြင်းလှည်းတခွပ်ခွပ် မောင်းနှင်သံများ...။ နိစ္စဒူဝ တစ်နေ့တစ်မျိုး မရိုးနိုင်လှသော မနက်ခင်းရဲ့ ပြယုဂ်ကို သူ အကြိမ်ကြိမ် ခံစားခဲ့ပြီးပြီ။

မိုးများ စွေရွာနေ၍ လောကဓာတ်တစ်ခွင်လုံး အေးစိမ့်အုံ့မှိုင်းနေသော မနက်ခင်းတွေကိုလည်း အိပ်ရာထဲမှာ သူ အရသာခံခဲ့ဖူးသည်။ မြူများ ရစ်ဆိုင်းနေ၍ အရပ်ရှစ်မျက်နှာ ဖွေးဆွတ်ဝေဝါးနေသော မနက်ခင်းတွေကိုလည်း အိပ်ရာထဲမှာ စောင်ထူထူခြုံကွေးရင်း ဖြတ်သန်းခဲ့ဖူးသည်။ ပြတင်းပေါက်မှ တစ်ဆင့် တင်ပါးပေါ်သို့ ခပ်ကျဲကျဲ ကျရောက်နေသော စူးရှရှနေရောင်ကို ပြစ်တင်ငြူစူရင်း အိပ်ရာထဲမှာ ဘယ်ညာလူးလိမ့် အံကြိတ် အပျင်းထူခဲ့ဖူးသည်။ မည်သည့်မနက်ခင်းမဆို သူ့အတွက် တစ်ခုမဟုတ်တစ်ခုတော့ အမြဲအဓိပ္ပာယ် ရှိနေခဲ့သည်။

မနက်စာစားဖို့ အမေလာနှိုးသော မနက်ခင်းများ...။ ကျောင်းသွား ဖို့ နိုးထလာသော မနက်ခင်းများ...။ အလုပ်သွားဖို့ စားပွဲတင်နာရီ အသံမြည်နှိုးသောမနက်ခင်းများ...။ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ သူငယ်ချင်းများ လာနှိုးသော မနက်ခင်းများ...။ မင်္ဂလာဆောင်သွားရဖို့ မနက်ခင်းများ...။ အလှူသွားရမည့် မနက်ခင်းများ...။ ခရီးသွားရန် စိတ်လှုပ်ရှားပြီး အိပ်မရဘဲ ရောက်လာသော မနက်ခင်းများ...။ ဘယ်သူ့ပယောဂမှမပါဘဲ ဘာသိဘာသာ သူ့အလိုလို နိုးထလာသော မနက်ခင်းများ...။ မနက်ခင်းတိုင်းမှာ တိကျသော ဦးတည်ချက် တစ်ခုနှင့် လုပ်ဆောင်ရန် ဝတ္တရားတစ်ခု ပါရှိပြီးသားဖြစ်သည်။ တစ်နည်းအားဖြင့် အဓိပ္ပါယ်ရှိရှိ နိုးထခွင့်ရသော မနက်ခင်းများ...။

mgyoe.com

(၃)

"အဲဒီတုန်းက ငါတို့မှ အသက်နှစ်ဆယ်ကျော်အရွယ် အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ပဲ ရှိနေသေးချိန်ပေါ့ကွာ…" ဟု အစချီပြီး အဖေပြောပြခဲ့သော စွန့်စားခန်းအဖြစ်အပျက်များသည် သူ့အတွက် အလွန်နားထောင်ကောင်းခဲ့ဖူးသည်။ အဖေ လူငယ်ဘဝက တွေ့ကြုံဖြတ်သန်းခဲ့ရသော ဘဝတစ်စိတ်တစ်ပိုင်းသည် သူ့အတွက် ပုံပြင်တစ်ပုဒ်လို…၊ ဝတ္ထုတစ်ပုဒ်လို…၊ နိုင်ငံခြား ရုပ်ရှင်တစ်ပုဒ်လိုလို…။ သူ့အတွေးဖြင့် စိတ်ကူးယဉ်ပုံဖော်ကြည့်ခဲ့ဖူးသည်။ ဇာတ်လမ်းထဲမှာ အဖေသည် အသက်ဘေးအန္တရာယ်နှင့် ကြုံခဲ့ရသည်။ ကံကောင်းထောက်မပြီးတော့ ထိုဘေးများလက်ကနေ လွတ်မြောက်ခဲ့သည်။ အဖေကံကောင်းသည်ပဲ ပြောရလေမလား။ အဖေ့သူငယ်ချင်းတချို့ကတော့ ဇာတ်လမ်းလေးထဲမှာ ဇာတ်သိမ်းမကောင်းခဲ့…။

ခွေးအအုပ်နှင့်တိုး၍ တစ်စစီ ဆွဲဖွဲ့ စားသောက်ခံလိုက်ရသူများ…။ အဆိပ်လူးမြွား ထိမှန်ပြီး နာနာကျင်ကျင် သေလုမြောပါး ဝေဒနာခံစားသွားရသူများ…။ မြွေပွေးမြွေဟောက်တို့၏ အစွယ်ရာမှာ အဆိပ်ပြင်းပြင်းတက်၍ နှုတ်ဆက်ခွဲခွာသွားကြရသူများ…။ ဆင်မည်းရိုင်းကြီး၏ မုန်ယိုရန်လိုမှုအောက်မှာ အရိုးတခြား အသားတခြား ပြန့်ကျဲသွားရသူများ…။

သူသည် အသက်ရှူဖို့ပင် မေ့နေသည့်အလား စိတ်ပါဝင်စားစွာ နားထောင်ခဲ့ရသည်။

ဒီတုန်းက သူ့အသက်မှ ငါးနှစ်သားသာသာပဲ ရှိဦးမည်။

"မင်းအမေ ဆိုရင် မင်းအစ်ကိုပေါက်စလေးကို ခါးတစ်ခွင်ချီပိုးပြီး ငါ့လက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လို့ အဲဒီတောနက်ကြီးထဲမှာ အတူတူ ပြေးခဲ့လွှားခဲ့ကြရတာပေါ့ကွာ။ ခလုတ်တိုက်လည်း ပြန်ထ၊ ဆူးညှောင့်ခလုတ်ထိလည်း မနှုတ်အား…။ အသက်ကို ဖက်နဲ့ထုပ်ပိုးထားခဲ့ကြရတဲ့ အချိန်ကာလတွေပေါ့…" ဟု အဖေက ဇာတ်လမ်းကို အဆုံးသတ်သည်။

(၄)

သူက အဖေ့သား ပီသသည်။ အဖေနဲ့တူတဲ့အချက်တွေ အတော်များသည်။ အဖေ့လိုပဲ ပိန်ပိန်သွယ်သွယ် လူဖလံ။ အဖေ့လိုပဲ အသားညိုညို။ အဖေ့လိုပဲ ဘယ်သန်။ အဖေ့လိုပဲ ဆံပင်ရှည်ရှည်။ အဖေ့လိုပဲ သွားကိုက်ဝေဒနာနှင့်။

mgyoe.com

mgyoe.com

အဖေ့လိုပဲ သူတစ်ဖက်သားကို အလွန်အားနာတတ်သည်။ အဖေ့လိုပဲ ဝက်သားချက်ကြိုက်သည်။ အဖေ့လိုပဲ နားအေးပါးအေး နေတတ်သူ။ အဖေ့လိုပဲ အမှန်တရားကို ချစ်မြတ်နိုးပြီး အဖေ့လိုပဲစာရေးဆရာဖြစ်ဖို့ စာရေးစာဖတ် ဝါသနာထုံကာ အနုပညာကို မွေ့လျော်လေးစားသူ…။

အဖေနှင့်တူတာတွေ ဒီလောက်များပါလျက်နှင့်ပင် ဒီလောက်နှင့် မပြီးသေး…။ သူ့အသက်နှစ်ဆယ်ကျော်ကျော်မှာ အဖေ့အသက် နှစ်ဆယ်ကျော်တုန်းက အဖေစွန့်စားခဲ့ရသော စွန့်စားခန်းဖြစ်ရပ်ဆန်းမျိုး သူ့ဘဝမှာ လာကြုံရလေပြီ။ မတူတာတစ်ခုဆိုလို့ ထိုအသက်အရွယ်မှာ သူသည် အဖေ့လို အိမ်ထောင်ကျ မနေသေးချေ။ အဖေ့လို အဖြစ်အပျက်မျိုးတွေ ကြုံတွေ့လာရသာအခါ အဖေ့ကို မသိစိတ်ထဲကနေ ပြေးပြေးလွှားလွှား မှတ်မှတ်ရရ သူသတိရလိုက်မိသည်။ သို့ရာတွင် 'ကျွန်တော်လည်း အဖေ့လိုမျိုး ကြုံနေရပြီ အဖေ…' ဟု ပြန်ပြောပြစရာ သူ့မှာ အဖေမရှိတော့။ အဖေ့ကို ပြောပြချင်တာတွေ ပြောပြဖို့ ဘောလ်ပင်နှင့် စာရွက်အလွတ်တစ်အုပ်ကို မမေ့မလျော့ သူရှာပြီး လွယ်အိတ်ထဲကို ထည့်သည်။ အကယ်၍ ဒီအဖြစ်အပျက်ကနေ သူ လွတ်မြောက်ခဲ့ရင် မှတ်တမ်းတင်မည်။

သူ့မှတ်တမ်းသည် အစီအစဉ်ကျချင်မှ ကျမည်။ ကိစ္စမရှိ။ နောင်တစ်ချိန်ချိန်တွင် သူ့မှတ်တမ်းသည် အဖေပြောခဲ့သော ဇာတ်လမ်းတစ်ပုဒ်လို ပုံပြင်တစ်ပုဒ်အဖြစ် ကျန်ရစ်ချင် ကျန်ရစ်လိမ့်မည်။ စိတ်ဝင်စားသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့အတွက် ကိစ္စမရှိ။

(၅)

အိပ်မက်တို့မည်သည် နိုးခါနီးစက္ကန့်ပိုင်းအလိုမှ မက်ကြတာ များသည်။ အိပ်မက်တို့သည် စက္ကန့်ပိုင်းမျှသာ မက်ကြသော်လည်း အိပ်မက်ထဲတွင်တော့ အချိန်သည် အတိုင်းအဆမရှိ ကြာချင်လည်း ကြာနေတတ်သည်။ လန့်နိုးသော အချိန်ရောက်မှ ဩော်… အိပ်မက်မက်နေတာပါလား… ဟု ဆင်ခြင်မိတတ်ကြစမြဲ…။ အံ့ဩဖွယ်ရာ ကိစ္စလာပါပြီ။ သူကတော့ အိပ်ပျော်မနေဘဲ နိုးနေပါလျက်ပင် အလို… ငါ အိပ်မက်များ မက်နေတာများလားဟု အယောင်ယောင်အမှားမှား ဇဝေဇဝါ ပြောင်းပြန်ပြန်တွေးယူရခြင်းပင် ဖြစ်သည်။ ထိုမနက်ခင်းက…။

နံနက်ခင်းများစွာ သူ့ကို နှိုးခဲ့ဖူးသော အမေသည် သည်တစ်ကြိမ် သူ့ကိုနှိုးရာတွင် ရှေးယခင်အကြိမ်များစွာတို့နှင့် လားလားမျှမတူ။ "ထတော့

…၊ ထည့်စရာရှိတာတွေ ထည့်တော့…၊ ရှင်းပြစရာ အချိန်မရှိဘူး…" ဟု ပြောသည်။ သူ အိပ်ရာကနေ အိပ်မှုန်စုံမွှား ထထိုင်မိသည်။ ဒီမနက်ခင်းသည် တစ်ခုခုတော့ ထူးခြားနေကြောင်း သူခံစားရသည်။ ရုတ်တရက်…။ သူ့နားထဲမှာ မစိမ်းသက်လှသော အသံတချို့ကို ကြားလိုက်ရသည်။ သူ့တူလေး ဖုန်းဂိမ်းဆော့နေတဲ့ အသံများလား။ သူ့အနီးနားပတ်ချာလည်မှာ ဘယ်သူမှ မရှိ။ အသံက ထင်ထားတာထက် ကျယ်လောင်လာပြီး သူ့အိမ်ထဲကနေလာတာ မဟုတ်။ သူ နားကြားများ လွဲသလား။ အိပ်မက်များ မက်နေသလား။ ဒွိဟ ဖြစ်နေရင်း အိပ်ရာမှ လူးလဲထပြီး အခန်းပြတင်းပေါက်မှတစ်ဆင့် အသံလာရာဆီသို့ ရှာဖွေကြည့်မိသည်။ ဘုရား ဘုရား…။ ရုပ်ရှင်တွေထဲမှာ သူ ခဏခဏ ကြည့်ခဲ့ဖူးသော နဂါးများ ကောင်းကင်ပေါ်မှာ ပျံသန်းနေကြတာကို တွေ့လိုက်ရသည်။ သူ့အသားကိုသူ လက်နဲ့ဆွဲဆိတ်ကြည့်မိသောအခါ နာကျင်တာကို ခံစားရသည်။ အိပ်မက်မက်နေတာ မဟုတ်တော့ပါ။ နှစ်ဆယ့်တစ်ရာစုခေတ်ကြီးထဲမှာ သူသည် အဖေတို့ ဖြတ်သန်းခဲ့သော အတိတ်ကာလတစ်ခုဆီသို့ အရှင်လတ်လတ် ပြန်ရောက်သွားလေသည်။

(၆)

မြို့ထဲကို တိရစ္ဆာန်အုပ်ကြီး ဝင်လာပြီ။

ဘေးလွတ်ရာကို ပြေးကြရန် လူရာပေါင်းများစွာတို့သည် ယောက်ယက်ခတ် ပြေးလွှားလျက်ရှိကြသည်။ မုန်တိုင်းရှိကြောင်း ရေဒီယိုက နှစ်ရက်သုံးရက်ခန့်စောပြီး ကြေညာသမှု ပြုထားတာမျိုးဆိုလျှင် ကြိုတင်ပြင်ဆင်ချိန်ရပေဦးမည်။ ယခုမူ ဆိုင်းမဆင့်ဗုံမဆင့် ဖြန်းစားကြီးမို့ သူအပါအဝင် တစ်မိသားစုလုံး ထူပူကြောက်လန့်ပြီး ရုတ်တရက် ဘာကိုပြေးသယ်လို့ သယ်ရမှန်း မသိတော့။ အိမ်ရှေ့ထွက်၍ လမ်းမပေါ် တစ်ချက်ကြည့်ကြည့်သောအခါ ခွေးအအုပ်များ လမ်းသလားနေတာကို တွေ့ရသည်။ ဒီတိရစ္ဆာန်များက အလွန် ကြောက်မက်ဖွယ်ကောင်းသည်။ လူတိုင်းကို ရန်လိုစိတ်ကြီးမားပြီး အုပ်စုဖွဲ့ ဝိုင်းကိုက်တတ်သော သတ္တဝါများဖြစ်သည်။ သူတို့အုပ်စုလက်ထဲများ ကံဆိုးပြီး ရောက်ရှိသွားလျှင် လူရုပ်သူရုပ် မပျက် လှလှပပ အသက်ထွက်လျှင်ပင် ကံကောင်း…။

ခွေးအအုပ်ပဲလားဆိုတော့ မဟုတ်သေး။ ဝံပုလွေများ၊ မြေခွေးများ၊ မာန်ဖီမုန်ယိုနေသော ဆင်မည်းရိုင်းကြီးများ၊ တရှူးရှူးတရှဲရှဲ နှာမှုတ်ပြီး ဒေါသ

mgyoe.com

SAMPLE BOOK

တကြိုး စောင့်ကြည့်နေကြသော ကျွဲအုပ်များ…။ အင်အားအလုံးအရင်းဖြင့် မြို့ကလေးထဲကို ချီတက်လာကြခြင်းဖြစ်သည်။ သူသည် ချက်ချင်းပင် အိမ်ထဲကို ပြန်ဝင်ပြေးသည်။ အရေးအကြီးဆုံးဟု ယူဆရသည့် အရာများကို အရင်ယူသည်။

သူ ခရီးသွားတိုင်း လွယ်နေကျ ကျောပိုးအိတ်ကလေးထဲသို့ ခေါက်ပိုက်ဆံအိတ်လေး ထိုးထည့်သည်။ အလုပ်လျှောက်ချိန်လောက်သာ ထုတ်သုံးတတ်ရသော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ယာဉ်မောင်းလိုင်စင်၊ ဘာညာ သာရကာ ထောက်ခံစာ စာရွက်စာတမ်းများ…။ နောက်… အဝတ်အစား တချို့။ ကျောပိုးအိတ်သည် တပိုင်တနိုင်စာပဲမို့ ဒီလောက်နှင့်ပင် ချက်ချင်း ပြည့်သွားလေပြီ။ သူ့အခန်းလေးထဲကို သုံးရာ့ခြောက်ဆယ် ဒီဂရီ လှည့်ပတ်ပြီး ကြည့်လိုက်၏။

တကယ်တော့ အခန်းထဲမှာ သယ်မယ်ဆိုလျှင် သယ်စရာတွေချည်း။ သူ နှစ်ပေါင်းများစွာ စုဆောင်းခဲ့ရသော စာအုပ်များ…။ သူ တရိုတသေ အမြတ်တနိုး ဝတ်ဆင်နေကျ အဝတ်အစားများ…။ ဘဝတစ်လျှောက်လုံး သိမ်းဆည်းလွှင့်မပစ်ရက်ခဲ့သော တစ်သက်စာ အမှတ်တရများ…။ ဒါတွေ အားလုံးကို ကျောပိုးအိတ်လေးတစ်လုံးတည်းနှင့်ဆံ့အောင် သူ မည်သို့မည်ပုံ သယ်ယူနိုင်ပါတော့မည်နည်း။

(၇)

လျှပ်စစ်မီး လုံးဝမလာတော့။ မြို့ကလေး အမှောင်ကျသွားသည်။

အမေ့လက်ထဲမှာ အဝတ်အစားထုပ်လေးကို တွေ့ရသည်။ ဆွဲခြင်းတောင်းကြီးထဲမှာ ထမင်းချိုင့်နှင့် အထားခံရိက္ခာ အခြောက်အခြမ်းများ၊ ရေသန့်ဘူး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်၊ ပန်းကန်ခွက်ယောက်တို့ကို အစီအစဉ်မကျ ဖရိုဖရဲ ထည့်ထားတာ တွေ့ရသည်။ သူ၏မောင်နှမ၊ တစ်အူထုံ့ဆင်းများသည်လည်း အထုပ်အပိုး တိုးလို့တွဲလောင်း ကိုယ်စီကိုယ်ငှဖြင့် အားလုံးအဆင်သင့် ဖြစ်နေကြပြီ။ တစ်ယောက်ကိုတစ်ယောက် ဘာယူခဲ့ရန်၊ ဘာမမေ့ရန် စသဖြင့် သတိအပြန်အလှန်ပေးရင်း လိုအပ်သည်များကို အတတ်နိုင်ဆုံး ယူခဲ့ကြရန် မှာကြားကြသည်။

သူတို့မိသားစုအားလုံး အဆင်သင့်ဖြစ်သွားချိန်တွင် အိမ်နီးနားချင်းတချို့မှာ အထုပ်အပိုးများနှင့် မြို့ကလေးမှပင် စတင်ထွက်ခွာနေကြလေပြီ။

mgyee.com